မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၃)

အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တနင်္သာရီတိုင်း မြိတ်မြို့ရှောင်ကွင်းလမ်းပိုင်းနှင့် မြိတ်မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

မြိတ်မြို့သစ် ဆိပ်ခံတံတား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြိတ်မြို့သစ် ဖိုးလမင်းကုမ္ပဏီ ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက်(မြိတ်)သို့ရောက်ရှိပြီး သတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေမှုကိုလည်းကောင်း၊ စက်ခန်းနှင့် စက္ကူသိုလှောင်ခန်းတို့ကိုလည်းကောင်း *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက မှော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအနီး၌ ကံကလေး လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ မြောင်းမကြီးဖောက်လုပ်မှုမြင်ကွင်းကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး မြောင်းတကာချောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ စိုက်ပျိုးမြေဧက ၈၀၀ ကို အကျိုးပြုလျက်ရှိသော မြောင်းတကာလျှပ်စစ်ရေတင် စီမံကိန်းကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

စိုက်ပျိုးမြေဧက ၄၅၀၀ ကို အကျိုးပြုမည့် မှော်ဘီမြို့နယ်မှ ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်း

➤ သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်တမ်း - သောင်းမြင့်(သတင်းစဉ်)
➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၁

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက်မှ ကျေးလက်ဒေသရေရရှိရေးကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များအတွင်း လျှပ်စစ်ရေတင်စီမံကိန်းနှင့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်)

ကျေးလက်ပြည်သူများ အသိပညာတိုးပွားရေး စာကြည့်တိုက်ပညာဖြင့် စွမ်းဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကိုတည်ဆောက်ရာ၌ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့သည် အဓိကကျသည်။ ပညာရည် ဖွံ့ဖြိုးတိုးတက်မှ အတွေးအခေါ်မှန်ကန်ပြီး အမှားအမှန်၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းရှိမည် ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာ၌ စာကြည့်တိုက်ပညာသည် အထောက်အကူပြု စွမ်းဆောင်နိုင်သည်။ အင်အားကြီးနိုင်ငံများသည် အင်အားနည်းသော နိုင်ငံငယ်လေးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများကို မီဒီယာများဖြင့် ထိုးဖောက်ကြိုးကိုင် ခြယ်လှယ်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ ကြိုးကိုင်ခြယ်လှယ်နိုင်ခြင်း မပြုနိုင်ရန် နိုင်ငံသားများသည် အသိပညာဗဟုသုတရှိရန် လိုအပ်သည်။

ခေတ်နှင့်အညီဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတမှတစ်ဆင့် ရှာဖွေလေ့လာ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများဖြစ်ကြရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး ကျေးလက်နှင့်မြို့ပြ ကွာဟချက်မရှိရန်၊ တစ်ဆက်တစ်စပ်တည်းဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ၌ ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားပြီး အသိပညာမြင့်မားလာစေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့သည်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်စေခြင်း၊ ရရှိထားသော စာအုပ်စာစောင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း၊ စာအုပ်စာစောင်များ တိုးပွားလာရေးအတွက် ငွေပဒေသာစိုက်ထူခြင်း၊ စာကြည့်တိုက်တွင် ပရိဘောဂစုံလင်စွာရရန် ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ လေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်ပေး သွားရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကျေးလက်နှင့်မြို့ပြ တစ်ဆက်တစ်စပ်တည်းဖြစ်ရန် ကျေးလက်ပြည်သူများ ပညာဗဟုသုတပြည့်ဝပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဒေသခံများနှင့်အတူ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ချမ်းမြေ့စေရေး မြန်မာ့ရိုးရာယဉ်ကျေးမှု အငြိမ့်ဖြင့် ဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ချမ်းသာ ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အငြိမ့်သဘင်ဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဒီဇင်ဘာ၁၉ရက် မွန်းလွဲ ၁နာရီခွဲက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ တေးသံသာ၊ ပဒေသာယိမ်းအက၊ အငြိမ့်အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကပြခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် မိသားစုများက တစ်ခဲနက်ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေမှု အစီအစဉ်ကို ညနေ၄နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ရာသီမသိ ပန်းနှင့်ညို** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနန္ဒဝရာဘိဝံသ)
၈း၀၅-၂း၀၅	နည်းပညာအစွမ်းဖြင့် နိုင်ငံဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း
၈း၄၀-၂း၄၀	ဘိသိက်သွန်း စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ အခမ်းအနား ဆင်ယင်ကျင်းပပုံ
၉း၀၀-၃း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ အစ်မကြီးအမိရာနှင့် ဗီဒီယိုဇာတ်ကားများ ကန်တော့ပွဲပေးအခမ်းအနား
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Art Vision (LAZY BRUSHES Art Exhibition)
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	သီးနှံစိုက်ပျိုးအထွက်တိုး ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ သုံးစွဲနည်း
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၀း၂၅-၄း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅-၄း၃၅	Activities in the City (သွေးလှူရှင်များဂုဏ်ပြုပွဲ)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ (အပိုင်း-၂)
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်အရိုင်းနှင့် တွေ့ဆုံခြင်း)
၁၂း၀၀-၆း၀၀	ရာဇဝင်မြစ်ကမ်းပေါ်မှ... နားခိုရာ
၁၂း၃၀-၆း၃၀	Study Guide (G.E.S.C) (Golden Education Sharing Centre)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Everton-Chelsea	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၂၂-၁၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၀၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၁၅	၉။	ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင်
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၇)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂)

ရည်မှန်းချက်အတိုင်း ဓာတ်မြေသြဇာထုတ်လုပ်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက် စက်ရုံပုံမှန်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာရပ်ဆိုင်ရာများ စနစ်တကျကြိုတင်စီစဉ်

နေပြည်တော် ဒီဇင်ဘာ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ၁၆ရက် နံနက်ပိုင်းက မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ညှိနှိုင်းပံ့ပိုး

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက လက်ရှိဓာတ်မြေသြဇာ ထုတ်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရည်မှန်းချက်အတိုင်း ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စက်ရုံပုံမှန် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာရပ်ဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ကြိုတင်စီစဉ် ဆောင်ရွက်သွားကြရန် ပြောကြားပြီး စက်ရုံအတွင်း ဓာတ်မြေသြဇာထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လျှပ်စစ်ပုံမှန်ရရှိရေးနှင့် သဘာဝဓာတ်ငွေ့ အပြည့်အဝရရှိရေးတို့အတွက် ညှိနှိုင်းပံ့ပိုးပေးသည်။

ဂရုပြုရန်

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်းရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာက လက်ရှိရေနံထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး **(အပေါ်ပုံ)** ဝန်ကြီးက ပြည်တွင်းစက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ လုံလောက်ပိုလျှံစေရန်ရည်ရွယ်၍ လက်ရှိရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်နှုန်းဖြင့် National Decline ကို ထိန်းသိမ်းထားရန်၊ အလေအလွင့် နည်းပါးစေရေး ဆောင်ရွက်သွားရန်နှင့် မီးဘေးအန္တရာယ်ဂရုပြုရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အင်ဂျင်နီယာမှူး ဦးထွန်းဝေတို့ သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မဟာဗောဓိမြို့ပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈ခုနှစ် (၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရ သိန်းဦး (မြနန္ဒာ)အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆုရရှိသူများအားဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပခဲ့သော ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် 'အေးချမ်းခေတ်မီ မြန်မာပြည်' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဓာတ်ပုံပညာရှင်ကြီးများ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲစိစစ်အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် **'အေးချမ်းခေတ်မီ မြန်မာပြည်'** ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ဒုတိယဆုရ သိန်းဦး(မြနန္ဒာ)နှင့် တတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုများရရှိကြသော ကိုကိုဆန်နီ (သီဂီရွှေရည်)၊ စောအောင်မင်း(နယူးအာရှဓာတ်ပုံ)၊ ဝေကြည်မိုး၊ ဦးညွန့်ကြည်၊ ညောင်ဦး ဖိုးချို၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ A.K.Moe(သတ္တဗေဒ)နှင့် စိုင်းခမ်းလင်း (Hawk Eyes) တို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြိုင်ပွဲစိစစ် အကဲဖြတ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်နိုင်တို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား အောင်ကျော်ထွန်း(ပုသိမ်ကြီး)က ကျေးဇူးတင်စကား ပြောကြားပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဌာနဆိုင်ရာအကြီးအကဲများ၊ ဓာတ်ပုံပညာရှင်ကြီးများ၊ ဆုရဓာတ်ပုံပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဌာနဆိုင်ရာအကြီးအကဲများ၊ ဓာတ်ပုံပညာရှင်ကြီးများ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရဓာတ်ပုံပညာရှင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၁

အထက(၁) လမ်းမတော် မြတ်ဆရာပူဇော်ပွဲ

အထက(၁) လမ်းမတော်(စိန့်ဂွန်း) ၁၉၆၈-၁၉၈၄ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၅ရက် (ကြာသပတေးနေ့)နံနက်၉နာရီတွင် အဆိုပါကျောင်း ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ၂၃ရက် (အင်္ဂါနေ့) မွန်းတည့်၁၂နာရီမှ ညနေ၃နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်သည်။

ခရမ်းမြို့နယ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ အထက(၁)နှင့် အထက(၂)တို့၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ခရမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။

သီပေါ(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်ရောက် သီပေါမြို့သူ မြို့သားများစုပေါင်း၍ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၀ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ကမ္ဘောဇသာသနာ့ဗိမာန် ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အထက (၂) လှိုင် မြတ်ဆရာပူဇော်ပွဲ

အထက(၂) လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဧပြီ၅ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ သိင်္ဂီရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆင့်မြင့်ပန်းအလှပြင် သင်တန်းဖွင့်မည်

အဆင့်မြင့်ပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၀၉)ကို မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက်မှ ၁၅ရက်အထိ နေ့စဉ်မွန်းလွဲ၁နာရီမှ ညနေ၄နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

ဆေးတက္ကသိုလ်(၁) ၁၉၈၃-၈၈ အာစရိယပူဇော်မည်

ဆေးတက္ကသိုလ်(၁)တွင် ၁၉၈၃-၈၈ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တတိယအကြိမ် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်းအားကစားကွင်းရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

ရုရှားဘာသာသင်တန်းစုံစမ်းနိုင်

ခရီးသွားလုပ်ငန်းအထောက်အကူပြု ရုရှားဘာသာသင်တန်းကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလ သုံးလဖြစ်ပြီး လူဦးရေ ကန့်သတ်ထားသည်။ အသေးစိတ်ကို ဖုန်း-၅၅၉၆၇၂နှင့် ၅၅၉၆၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

၁၉၇၄-၁၉၇၉ ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

ချည်မျှင်နှင့်အထည်အင်ဂျင်နီယာကျောင်းသားများတွေ့ဆုံမည်

ဆရာကြီးမောင်မောင်သန်းအား အမှူးထား၍ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘာသာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ဇမ္ဗူ့ရာဇ်ခန်းမ ဘဏ်လုပ်ငန်းရှင်များအသင်းချုပ် စက်မှု(၁)လမ်း ရန်ကင်း၌ ကျင်းပမည်ဖြစ်သည်။

စုစည်းရေးသားသူ-ဝင်းကျော်

(မြန်မာ့အလင်း)

ပုလဲမြို့နယ်တွင် နယ်မြေစိုးမိုးရေး ကွင်းဆင်းဆောင်ရွက်

ပုလဲ ဒီဇင်ဘာ ၂၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒီဇင်ဘာ၃ရက်နှင့် ၄ရက်တွင် လဲကန်ကျေးရွာ၊ ဝက်ကျကျေးရွာ၊ ဂျပ်ကျေးရွာ၊ အင်တိုင်းသာကျေးရွာများသို့ သွားရောက်၍ နယ်မြေစိုးမိုးရေး ကွင်းဆင်းဆောင်ရွက်သည်။

စစ်ဆေး

ကျေးရွာအလိုက် တွေ့ဆုံပွဲများတွင် မြို့နယ်ဥက္ကဋ္ဌဦးနိုင်အေးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်၊ လက်ထောက်ပညာရေးမှူး ဦးမြင့်ဝင်း၊ လဲကန်ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဌေးလှိုင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်မြေလုံခြုံရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဆွေးနွေးကြပြီး ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးရွာရှိ အခြေခံပညာကျောင်းများ၊ ကျန်းမာရေးဌာနများသို့ ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ အီရန်နှင့်တူရကီနိုင်ငံများသို့ အလည်အပတ်သွားရောက်မည်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၁

အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီသည် လာမည့်ဒီဇင်ဘာ ၂၄ရက်မှစတင်ပြီး အီရန်နှင့် တူရကီနိုင်ငံများသို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက်က အီရတ်အစိုးရဌာန၏ သတင်းတစ်ရပ်၌ သတင်းထုတ်ပြန်ခဲ့သည်။

ဖော်ပြ

ယင်းသတင်းတွင် ခရီးစဉ်နှင့်ပတ်သက်ပြီး အသေးစိတ် ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း အဆိုပါခရီးစဉ်သည် အီရတ်နှင့် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံ ထိပ်တန်းအရာရှိများအကြား လူမှုအဆောက်အအုံ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် အလေးပေး ဆောင်ရွက်မည်ဟု ဖော်ပြထားကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်ဟု ပြောကြားသည်။

ထုတ်ပြန်

အီရတ်ဝန်ကြီးချုပ် မာလီကီ၏ ခရီးစဉ်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း လိုက်ပါမည်ဖြစ်ကြောင်း မာလီကီ၏ မီဒီယာအကြံပေးဖြစ်သူ ယက်ဆင်မာဂျိဒ်၏ ပြောကြားချက်ကို ကိုးကား၍ အီဂျစ်အမ်အီးအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဆွေးနွေးမည်

မာလီကီသည် တူရကီမှအီရန်သို့ ဆက်လက်မထွက်ခွာမီ တူရကီသမ္မတ အဗ္ဗဒူလာဂူးလ်၊ ဝန်ကြီးချုပ် ရီဆက်ပ်တေယစ်ပ် တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း မာဂျိဒ်က ပြောကြားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်ရှိ ဆေးရုံတွင် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆေးဝါးကုသမှုခံယူနေရသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံမှ တပ်ဖွဲ့ဝင် ၃၀၀၀၀ ၂၀၀၉ခုနှစ်အတွင်း အာဖဂန်သို့ ထပ်မံစေလွှတ်မည်

ကဘူးလ် ဒီဇင်ဘာ ၂၁

အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံသို့ ၂၀၀၉ ခုနှစ်အတွင်း နောက်ထပ် တပ်ဖွဲ့ဝင် ၃၀၀၀၀ပို့မည်ဖြစ်ကြောင်း အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူကင်က ပြောကြားသည်။

ပါဝင်

အာဖဂန်နစ္စတန်နိုင်ငံ၌လောလောဆယ် အမေရိကန်တပ်ဖွဲ့ဝင် ၃၁၀၀၀ရှိပြီး ဖြစ်သည်။ ၎င်းတို့အနက် တပ်ဖွဲ့ဝင် ၁၄၀၀၀ မှာ အင်အား ၅၁၀၀၀ ရှိသည်။ နေတိုးဦးဆောင်သည့် အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့တွင် ပါဝင်သည်။

အမိန့်ပေး

နွေဦးတွင် တိုက်ခိုက်ရေးလေကြောင်းချီ တပ်မဟာတစ်ခု ဖြန့်ကြက်ရန် အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က သောကြာနေ့တွင် အမိန့်ပေးလိုက်သည်ဟု သိရသည်။ **(အင်တာနက်)**

အပစ်အခတ်ရပ်စဲမှု ဟားမတ်စ်အဆုံးသတ် ဂါဇာကမ်းမြောင်တွင် တင်းမာမှုဖြစ်ပွား

ဂါဇာစီးတီး ဒီဇင်ဘာ ၂၁

အစ္စရေးတို့နှင့် ခြောက်လကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ပါလက်စတိုင်းနယ်မြေကို တစ်စုံတစ်ရာ တိုက်ခိုက်လာလျှင် တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း ဂါဇာကမ်းမြောင်ကို အုပ်ချုပ်လျက်ရှိသည့် ဟားမတ်စ်စစ်သွေးကြွအဖွဲ့က ကြေညာစဉ် ယမန်နေ့က ဂါဇာကမ်းမြောင်အတွင်းနှင့် အနီးတစ်ဝိုက်တွင် တင်းမာမှုများ ပြန်လည်ဖြစ်ပွားလာသည်။

ကြေညာ

ဇီယွန်ဝါဒီရန်သူများက အပစ်အခတ်ရပ်စဲရေး သတ်မှတ်ချက်များကို လေးစားခြင်းမရှိသည့်အတွက် သက်တမ်းကုန်ဆုံးသွားသော အပစ်အခတ်ရပ်စဲမှုကို ထပ်မံပြဋ္ဌာန်းနိုင်မည်မဟုတ်ကြောင်း ဟားမတ်စ်အဖွဲ့၏ စစ်ရေးဌာနက ကြေညာသည်။

ယင်းသို့ ကြေညာပြီးနောက် ဂါဇာကမ်းမြောင်တောင်ပိုင်းမှ ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ကြောင်း အစ္စရေး စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့သော် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိဟု ပြောကြားသည်။

အပြန်အလှန်စွပ်စွဲ

အီဂျစ်နိုင်ငံက ကြားဝင်ဆောင်ရွက်ပေးသည့် စေ့စပ်ဆွေးနွေးမှုဖြင့် ရရှိသော အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်သည်ဟု အစ္စရေးနှင့်ဟားမတ်စ်အဖွဲ့တို့က အပြန်အလှန် စွပ်စွဲပြောကြားကြသည်။ **(အင်တာနက်)**

အစ္စရေးနိုင်ငံအနောက်ဘက်ကမ်းဒေသ ရာမာလာမြို့ရှိ အကျဉ်းထောင်အတွင်း အကျဉ်းသားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားသဖြင့် မျက်ရည်ယိုဗုံးအသုံးပြုကာ နှိမ်နင်းခဲ့သည်ကို ဒီဇင်ဘာ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နိုင်ငံ ကဘူးလ်မြို့ပြင်တွင် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရေနံတစ်စည်ဈေးနှုန်း ၃၄ဒေါ်လာအထိကျဆင်း

စင်ကာပူ ဒီဇင်ဘာ ၂၁

ရေနံဈေးနှုန်း ဆက်ကျမသွားစေရန် ထိန်းချုပ်ရေးအတွက် ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က မကြာမီက ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်ဘဲ လေးနှစ်ခွဲအတွင်းတွင် ယမန်နေ့က ရေနံတစ်စည် ၃၃ဒသမ ၄၄ ဒေါ်လာအထိ ကျဆင်းသွားသည်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် ရေနံဝယ်လိုအား ကျဆင်းလျက်ရှိစဉ် မကြာမီကာလအတွင်းရေနံတစ်စည်လျှင်ဒေါ်လာ ၂၀ အထိ ကျဆင်းမသွားနိုင်ဟူ၍ အာမမခံနိုင်တော့ကြောင်း ဝေဖန်ဆန်းစစ်သူများက ပြောကြားသည်။

လျှော့ချရန်ဆုံးဖြတ်

ရေနံဈေးနှုန်းကျဆင်းမှု ရပ်တံ့သွားစေရန် ရှေ့လမှစ၍ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ဒသမ၂သန်းလျှော့ချရန် အိုပက်အဖွဲ့က ဆုံးဖြတ်ခဲ့သော်လည်း ရေနံဈေးနှုန်းမှာ ဆက်လက်ကျဆင်းလျက်ရှိသည်။

ကျဆင်း

ဇူလိုင်လက ရေနံတစ်စည်လျှင် ၁၄၇ဒသမ၂၇ဒေါ်လာအထိ စံချိန်တင်ပြီးနောက် ယခုအခါ ဈေးနှုန်း ၇၅ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကယ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကားဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးရသည်ကို ဒီဇင်ဘာ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂွာတာနာမို အမေရိကန် အကျဉ်းစခန်း ပိတ်ပစ်ရေး အစီအစဉ်ရေးဆွဲ

ဝါရှင်တန် ဒီဇင်ဘာ ၂၁

ကျူးဘားရှိ အမေရိကန်တို့၏ ဂွာတာနာမိုအကျဉ်းစခန်း ပိတ်ပစ်ရေးအတွက် အစီအစဉ်များရေးဆွဲရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က သူ့လက်ထောက်များအား အမိန့်ပေးထားကြောင်းဖြင့် ကာကွယ်ရေးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

နာမည်ဆိုးနှင့်ကျော်ကြား

အကြမ်းဖက်သမားများအားချုပ်နှောင်သည့် ဤဂွာတာနာမို အမေရိကန်အကျဉ်းစခန်းမှာ နာမည်ဆိုးနှင့် ကျော်ကြားသည့် အကျဉ်းစခန်းဖြစ်သည်။

ပါဝင်

အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသူ အိုဘားမားက ဇန်နဝါရီ ၂၀ရက်တွင် အမေရိကန်သမ္မတအဖြစ် သူစတင် တာဝန်ယူပြီးနောက် ထိပ်တန်းဦးစားပေးလုပ်ငန်းများတွင် ဤအကျဉ်းစခန်း ပိတ်ပစ်ရေးလည်း တစ်ခု ပါဝင်သည်ဟု ကြေညာထားသည်။

ပြောကြား

ဂွာတာနာမို အကျဉ်းစခန်းကို ပိတ်ပစ်ရန် အကယ်၍ မစ္စတာအိုဘားမားဆုံးဖြတ်လျှင် အဆင်သင့်ဖြစ်ရန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က လိုလားသည်ဟုလည်း တာဝန်ရှိသူက ပြောကြားသည်။

ကျူးဘားနိုင်ငံ အရှေ့တောင်ပိုင်း၌ ၂၀၀၂ခုနှစ်အစောပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။ ဤအကျဉ်းစခန်းကို ပိတ်ပစ်မည်ဟု မစ္စတာအိုဘားမားက အာမခံပြောကြားထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

ခေတ်မီရေဒီယို၊ ရေဒါနှင့်ရုပ်မြင်သံကြားတို့ကို တီထွင်သူနှင့် အင်ဂျင်နီယာပညာရှင် အီဒွင်ဟိုဝါ့ဒ်အမ်းစထရောင်း

၁၈၉၀-၁၉၅၄

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ခေတ်မီ ရေဒီယို၊ ရေဒါနှင့် ရုပ်မြင်သံကြား စသည့် အခြေခံလျှပ်စစ်ပစ္စည်း သုံးမျိုးတို့ကို ဖော်ထုတ်တီထွင်ခဲ့သည့် အင်ဂျင်နီယာနှင့် တီထွင်သူ အီဒွင်ဟိုဝါဒ့် အမ်းစထရောင်းကို ၁၈၉၀ပြည့်နှစ် ဒီဇင်ဘာ ၁၈ရက်တွင် နယူးယောက်မြို့၌ မွေးဖွား ခဲ့သည်။ ဖခင် ဂျွန်အမ်းစထရောင်းနှင့် မိခင် အီမီလီစမစ်အမ်းစထရောင်းတို့ နှစ်ဦးစလုံး နယူးယောက်မြို့သားများဖြစ်ကြပြီး အီဒွင်ဟိုဝါဒ့်အမ်းစထရောင်းသည် ၎င်းတို့၏ သားဦးဖြစ်သည်။

ပြောင်းရွှေ့နေထိုင်

အီဒွင်ဟိုဝါဒ့်အမ်းစထရောင်း၏ ဖခင်ဂျွန်သည် အမေရိကန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ် ပုံနှိပ်လုပ်ငန်းဌာနခွဲ၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး မိခင်အီမီလီမှာ ကျောင်းဆရာမ တစ်ဦးဖြစ်သည်။ မကြာမီတွင် သူတို့မိသားစုသည် နယူးယောက်မြို့ ဆင်ခြေဖုံးဒေသ ယွန်ကာအရပ်ရှိ ဟွတ်ဆန်မြစ်ပေါ်သို့ စီးမိုးနေသော ကမ်းပါးပြတ်ပေါ်ရှိ အိမ်တစ်အိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

တွန်းအားပေး

အမ်းစထရောင်းသည် အသက် ၁၄နှစ်သားအရွယ်ကတည်းက တီထွင်သူ တစ်ယောက်ဖြစ်လာရန် ဆုံးဖြတ်ခဲ့ပြီး အိမ်လုပ် ကြိုးမဲ့ဂီယာများကို ပြုလုပ်ခဲ့ရာ သူ၏ အိပ်ခန်းမှာ ယင်းပစ္စည်းများဖြင့် ပြည့်နှက်စပြုလာသည်။ လူငယ်လေးများ တီထွင်မှု စာအုပ်နှင့် ၎င်းမတိုင်မီ နှစ်အနည်းငယ်က အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်လျက် ကြိုးမဲ့ ကြေးနန်းစနစ်ဖြင့် အသံထုတ်လွှင့်နိုင်ခဲ့သည့် ဂူဂလီယယ်မိုမာကိုနီ၏ တီထွင်မှုများက အမ်းစထရောင်း၏ စိတ်ကူးပုံရိပ်များကို အကောင်အထည်ဖော်စေရန် တွန်းအားပေး ခဲ့သည်။ သို့သော်လည်း မာကိုနီ၏ ကြိုးမဲ့ကြေးနန်းတီထွင်မှုမှာ ကြိုးမဲ့ကြေးနန်း၏ အစကနဦး အခြေအနေသာ ရှိနေသေးသည်။ ၎င်း၏ အသံလွှင့်စက်မှ ထုတ်လွှင့်သော လျှပ်စစ်သံလိုက်လှိုင်းများမှာ အားနည်းလွန်းသဖြင့် နေ့ခင်းအချိန်တွင် နေရောင်ခြည်၏ စုပ်ယူပစ်ခြင်းခံရသည်က များသည်။

ထိုစဉ်တွင်အသံဖမ်းယူစက်သည် မပြောင်းမလဲဘဲ မူလသဘာဝအတိုင်း ပိုမိုရှိနေဆဲဖြစ်သည်။ စောစောပိုင်းက ထုတ်လွှင့်သော ကြိုးမဲ့ကြေးနန်းများ အားလုံးကို ဖမ်းယူနိုင်ရန်အတွက် မြဲမြံသော နားကျပ်များ လိုအပ်သကဲ့သို့ တိတ်ဆိတ်သောအခန်းများလည်း လိုအပ်သည်။၁၉၀၅ခုနှစ်မှ ၁၉၁၀ပြည့်နှစ်အထိ ယွန်ကာ အထက်တန်းကျောင်းသား ဘဝတွင်ပင် အမ်းစထရောင်းသည် ၁၂၅ ပေ အမြင့်ရှိ ရေဒီယာတိုင်(ကောင်းကင်လှိုင်း)၏ အလုပ်လုပ်မှု၊အကျိုးသက်ရောက်မှုများကို လေ့လာနိုင်ရန်အတွက် ၎င်းနေအိမ်၏ မြက်ခင်းပြင်တွင် ထောင်ထားခဲ့သည်။

အီဒွင်ဟိုဝါ့ဒ်အမ်းစထရောင်း၊ သူတီထွင်သော ရေဒီယိုနှင့် ဇနီးသည် မာရီယွန်မက်အင်းနက်စ်တို့ကို တွေ့ရစဉ်။

ဆက်လက်သင်ယူ

အမ်းစထရောင်းသည် အသစ် အသစ်သော ပစ္စည်းများအနက်မှ အထူး သဖြင့် ၁၉၀၆ခုနှစ်တွင် လီဒီဖောရက်စ်ဆိုသူ တီထွင်ခဲ့သော အကြားအာရုံဆိုင်ရာ ပြွန်ချောင်းတစ်ခုနှင့် အချိန်တော်တော်ကြာကြာ လေ့လာလုပ်ကိုင်ခဲ့သည်။ သို့သော်လည်း မည်သည့်ကိရိယာကမျှ အသံဖမ်းစက်တွင်အသံချဲ့ရန် မစွမ်းဆောင်နိုင်သကဲ့သို့ အသံလွှင့် စက်တွင်လည်း အသံလွှင့်အားကောင်းအောင် ကူညီထောက်ပံ့ပေးနိုင်ခြင်း မရှိခဲ့ပေ။ အမ်းစထရောင်းသည် အထက်တန်းပညာ သင်ယူပြီးသောအခါ အင်ဂျင်နီယာပညာကို ဆက်လက်သင်ယူနိုင်ရန်အတွက် ကိုလံဘီယာတက္ကသိုလ်သို့ မော်တော်ဆိုင်ကယ်ဖြင့် နေ့စဉ်ကျောင်းတက်ခဲ့သည်။

တီထွင်

ကိုလံဘီယာတက္ကသိုလ် စတင်တက်ရောက်သည့်နှစ်မှာပင် အမ်းစထရောင်းသည် သူ၏အဓိကတီထွင်မှုကို စတင်ခဲ့သည်။ ၁၈၈၃ခုနှစ်တွင် သောမတ်စ်အက်ဒီဆင် ရှာဖွေ တွေ့ရှိသော လျှပ်စီးကြောင်းကို အခြေခံ၍ ၁၉၁၂ ခုနှစ်တွင် အမ်းစထရောင်းသည် လျှပ်စီးပတ်လမ်း (ဆားကစ်)ကို ရှာဖွေ တီထွင်နိုင်ခဲ့သည်။

စမ်းသပ်အောင်မြင်

ရေဒီယို၊ ရေဒါနှင့်ရုပ်မြင်သံကြား စနစ်များကို တီထွင်ခဲ့သူ အီဒွင် ဟိုဝါ့ဒ်အမ်းစထရောင်း။

အမ်းစထရောင်းသည် ၁၉၁၃ခုနှစ်တွင် အင်ဂျင်နီယာဘွဲ့ ရရှိခဲ့ပြီး မူပိုင်ခွင့်အတွက် အမှုဖွင့်ခံခဲ့ရသည်။ ထို့နောက် ကိုလံဘီယာသို့ ပြန်လာကာ နည်းပြအဖြစ် လုပ်ကိုင်ခဲ့ပြီး ပါမောက္ခနှင့် တီထွင်သူဖြစ်သည့် မိုက်ကယ်ပူပင်၏လက်ထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ သူတီထွင်သော လျှပ်စီးပတ်လမ်း(ဆားကစ်)ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမချရသေးမီ အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ထဲသို့ ပါဝင်ခဲ့ရသဖြင့် အမေရိကန်စစ်တပ်ထဲတွင် အရာရှိတစ်ဦးဖြစ်လာကာ ပြင်သစ်နိုင်ငံ ပါရီသို့ စေလွှတ် ခံခဲ့ရသည်။ ပြင်သစ် အီဖယ်မျှော်စင်တွင် တာဝန်ကျစဉ် ၎င်း၏ ကြိုးမဲ့ကြေးနန်းစနစ်ကို စမ်းသပ်အောင်မြင်ခဲ့ပြီး ရေဒါ၊ ရုပ်မြင်သံကြားစနစ်တို့ကိုလည်း တီထွင်ခဲ့သည်။

အမ်းစထရောင်းသည် ပြင်သစ်မှ ကိုလံဘီယာတက္ကသိုလ်သို့ ဗိုလ်မှူးအဆင့်ဖြင့် ပြန်လာချိန်တွင် ရေဒီယိုအသံလွှင့်နိုင်သည့်အဆင့်သို့ ရောက်နေပြီဖြစ်သည်။ သူသည် ၁၉၂၀ပြည့်နှစ်တွင် ၎င်း၏ အဓိကလျှပ်စီးပတ်လမ်းနှစ်မျိုးဖြစ်သည့် စူပါဟီတီရိုဒိုင်းနှင့် စူပါရီဂျင်နရေးတစ်တို့ကို ဒေါ်လာ၃၃၅၀၀၀ ဖြင့် ရောင်းချခဲ့သည်။ ၁၉၂၃ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် အမ်းစထရောင်းသည် မာရီယွန်မက်အင်းနက်စ်အမည်ရှိ အမျိုးသမီးနှင့် လက်ထပ်ခဲ့ကြသည်။

တရားရင်ဆိုင်

၁၉၁၄ခုနှစ် အောက်တိုဘာ ၆ရက်တွင် သူအမှုဖွင့်ခံခဲ့ရသည့် မူပိုင်ခွင့်နှင့် ပတ်သက်ပြီး အမ်းစထရောင်းက တုံ့ပြန်ကြေညာခဲ့သည်။ထိုသို့ကြေညာပြီး တစ်နှစ်ခန့်အကြာ၌ သူ့တီထွင်မှုကို ရောင်းချခဲ့သော အမေရိကန်တယ်လီဖုန်းနှင့်ကြေးနန်း (အေတီအင်န်တီ)ကုမ္ပဏီက အသံလွှင့်လုပ်ငန်း စတင်စဉ် ဒီဖရော့ဆိုသူက ၎င်းတီထွင်ထားသည်ဟုဆိုကာ မူပိုင်ခွင့်နှင့် တရားစွဲဆိုခဲ့သည်။ ထို့ကြောင့် အမ်းစထရောင်းသည် ၁၉၂၂ မှ ၁၉၃၄ခုနှစ်အတွင်း တရားရုံးတွင် (၁၂)ကြိမ်ထက်မနည်း တရားရင်ဆိုင်ခဲ့ရသည်။

တရားရုံးက အမ်းစထရောင်းအပေါ်အရှုံးပေး စီရင်ချက်ချခဲ့မှုကို နည်းပညာ အဖွဲ့က ငြင်းပယ်ခဲ့သကဲ့သို့ ၁၉၁၈ခုနှစ်တွင် အမ်းစထရောင်းအား သူ၏တီထွင်မှုအတွက် ဆုတံဆိပ်ချီးမြှင့်ခဲ့သည့် အသံလွှင့်ခြင်းဆိုင်ရာ နည်းပညာတက္ကသိုလ်ကလည်း ၎င်းစီရင် ချက်ကိုပယ်ချခဲ့သည်။ ၁၉၄၁ခုနှစ်တွင် ဖရန်ကလင်းတက္ကသိုလ်က အမ်းစထရောင်း၏ တီထွင်မှုကို ပြန်လည်စိစစ်အတည်ပြုကာ အမေရိကန်တွင် အမြင့်ဆုံးသိပ္ပံတီထွင်မှုဆု ဖြစ်သည့် ဖရန်ကလင်းဆုတံဆိပ်ကို ထပ်မံချီးမြှင့်ခဲ့သည်။ အမ်းစထ ရောင်းသည် ၁၉၃၃ခုနှစ်က ယနေ့ တွင်ကျယ်စွာအသုံးပြုနေသည့် ရေဒီယိုအက်ဖ်အမ် အသံလွှင့် စနစ်ကို တီထွင်အောင်မြင်ခဲ့သည်သူလည်း ဖြစ်သည်။

သို့သော်လည်း အမ်းစထရောင်းသည် ကာလကြာရှည်စွာ တရားရင်ဆိုင်ခဲ့ရမှု အတွက်စိတ်ကျရောဂါခံစားခဲ့ရပြီး ၁၉၅၄ခုနှစ်ဇန်နဝါရီ၃၁ရက် ညတွင် မြင့်မားလှသည့် သူ၏ တိုက်ခန်းပြတင်းပေါက်မှခုန်ချကာ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သဖြင့် ကမ္ဘာ လောကကြီးအတွက် အဖိုးထိုက်တန်လှသော တီထွင်ပညာရှင်ကြီး တစ်ဦးအား စောစီးစွာ လက်လွှတ် ဆုံးရှုံးခဲ့ရပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

ကိုးကား- အင်တာနက် | ချစ်စိုးနိုင် ရေးသားသည်။

အင်တာနက်ကျန်းမာရေး

နေ့စဉ် မိနစ်၂၀ခန့် ပျော်ရွှင်ဖွယ်ရာ ရုပ်/သံအစီအစဉ်များ ကြည့်လျှင် စိတ်ဖိစီးမှုများ လျော့ကျနိုင်

စိတ်ဖိစီးမှုများသူများအနေဖြင့် တစ်နေ့လျှင် မိနစ်၂၀ခန့် စိတ်ပေါ့ပါး ရယ်မော စရာ ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ရှုပေးခြင်းသည် စိတ်ဖိစီးမှုလျော့ကျ စေကြောင်း တရုတ်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

အလုပ်ပင်ပန်းပြီး စိတ်ဖိစီးမှုများသူ ၃၀၀၀၀ ခန့်ကို နေ့စဉ် မိနစ် ၂၀ မျှ စိတ်ပျော်ရွှင်စရာ ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ခိုင်းထားပြီး သုတေသနပြုခဲ့ရာ ၎င်းတို့သည် စိတ်ဖိစီးမှုအလွန်နည်းစွာ ဖြစ်ပေါ်သည်ကို တွေ့ရှိခဲ့ရကြောင်း တရုတ် သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

ထို့အတူ ပြဿနာအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရပြီး စိတ်လက် မကြည်မလင် ဖြစ်နေသူများအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်ကို မိနစ်အနည်းငယ်မျှ ကြည့်ရှုပေးခြင်းဖြင့် စိတ်ကြည်လင်မှုဖြစ်စေကြောင်း၊ သို့သော် ရယ်မောဖွယ်ရာနှင့် စိတ်ရွှင်လန်းဖွယ်ရာ ရုပ်မြင်သံကြား အစီအစဉ်များသာဖြစ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

သို့ရာတွင် ထိုသို့ ရုပ်မြင်သံကြားအစီအစဉ်များ ကြည့်ရှုချိန်သည် အစားအစာများ စားပြီးစအချိန်နှင့် အလုပ်လုပ်နေချိန်များ မဖြစ်သင့်ကြောင်းလည်း တရုတ်သုတေသန ပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ (အင်တာနက်)

စိတ်ဓာတ်ကောင်း....

ဘဝအမောပြေ

သူဌေးနှစ်ဦး နံနက်ခင်းတိုင်း လမ်းလျှောက်ထွက်လေ့ရှိကြရာ လူငယ်တစ်ဦးက မြင်းနှစ်ကောင်ကို ကြိုးဖြင့် နေ့စဉ်ဆွဲသွားနေသော မြင်ကွင်းအား အမြဲမြင်တွေ့ နေရသဖြင့် တစ်နေ့၌ သူဌေးတစ်ဦးက လူငယ်ကို မေးမြန်းလေသည်။

သူဌေး။ ။နေ့တိုင်း မြင်းနှစ်ကောင်ကို ကြိုးနဲ့ဆွဲပြီးသွားတယ်နော်။

လူငယ်။ ။ဟုတ်ကဲ့။

သူဌေး။ ။ဘာတွေ လုပ်နေတာလဲ။

လူငယ်။ ။စိတ်ဓာတ်ကောင်းအောင် လေ့ကျင့်ပေးနေတာပါ။

သူဌေး။ ။ဘယ်လို....

လူငယ်။ ။မြင်းနှစ်ကောင်က ကျွန်တော့်ကို ပြောတယ်။

သူဌေး။ ။ဘာတွေပြောတာလဲ...

လူငယ်။ ။သူတို့က '**သူဌေး**'ဖြစ်ချင်လို့တဲ့...ဒီကောင်တွေ စိတ်ဓာတ် မပျက်စီးစေချင်ဘူး။

သူဌေး။ ။'**ဟေ**'

တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းအကျဉ်း

၁၅-၁၂-၂၀၀၈ မှ ၂၁-၁၂-၂၀၀၈ အထိ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဒီဇင်ဘာ ၁၅

တရုတ်နိုင်ငံ ရှန်စီပြည်နယ်မြောက်ပိုင်း တိန့်ယန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ နေ၍ ဆက်သွယ်ရေးဂြိုဟ်တု "ရှီဂန်-V" ကို အောင်မြင်စွာလွှတ်တင်လိုက်သည်။ ယင်း ဂြိုဟ်တုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များကို မြေပြင်စခန်း သို့ ပြန်ပို့ပေးမည်ဖြစ်သည်။ **(အောက်ပုံ)**

ဒီဇင်ဘာ ၁၆

အာဖရိကသမဂ္ဂ(အေယူ)ဥက္ကဋ္ဌဂျန်ပင်းက ဆိုမာလီကမ်းလွန်တွင် သင်္ဘောအပိုင်စီးမှု များကိုပပျောက်သွားရန် နိုင်ငံတကာကပိုင်းဝန်းကူညီဆောင်ရွက်ကြရေး တိုက်တွန်း လိုက်သည်။ သင်္ဘောအပိုင်စီးမှုများ နိုင်ငံတကာရေပြင်သို့မပြန့်ပွားစေရန် တိုက်ဖျက် ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာ ၁၇

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အီလီဂန်မြို့လယ်၌ ဈေးအဆောက်အအုံကြီးတွင် ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၄၄ဦးဒဏ်ရာရရှိခဲ့သည်။

ဒီဇင်ဘာ ၁၈

အေဒင်ပင်လယ်ကွေ့၌ တရုတ်နိုင်ငံကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သော ကျန်ဟွာ-၄ အမည်ရှိ ကုန်တင်သင်္ဘောတစ်စင်း အပိုင်စီးခံရသည်။ တရုတ်ရေတပ်သင်္ဘောများက အပိုင်စီးသွားသောပင်လယ်ဓားပြများနောက်သို့ လိုက်လံချေမှုန်းလျက်ရှိသည်။

ဒီဇင်ဘာ ၁၉

၁၉၆၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်က လကမ္ဘာသို့ လူသားများ ပထမဆုံးခြေချနိုင် ခဲ့သည့် နှစ်(၄၀)မြောက်အထိမ်းအမှတ်အဖြစ် နာဆာအဖွဲ့ကနေပြီး ထိုစဉ်က လကမ္ဘာသို့ သွားရောက်ခဲ့သည့် မှတ်တမ်းရုပ်ရှင်ကို သုံးရက်ဆက်တိုက် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဒီဇင်ဘာ ၂၀

အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်တွင် နှင်းမုန်တိုင်းများ တိုက်ခတ်ပြီး နေရာအနှံ့အပြား၌ ဆီးနှင်းများထုထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု သုံးပေခန့်အထိ ကျဆင်းခဲ့သည်။ တောင်ဒါကိုတာပြည်နယ်ရှိ လေဆိပ်အချို့ ပိတ်ထားခဲ့ရသည်။ **(အပေါ်ပုံ)**

ဒီဇင်ဘာ ၂၁

လာမည့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အာကာသခရီးစဉ်များအတွက် အာကာသ လေ့လာရေးယာဉ်သုံးစင်းကို ဝယ်ယူသွားမည်ဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန် သည်။ အဆိုပါအာကာသလေ့လာရေးယာဉ်သုံးစင်းအတွက် အမေရိကန်ဒေါ်လာ ၄၂သန်း သုံးစွဲသွားမည် ဖြစ်သည်။ ။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅၀)ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅၀)၌ မင်းခမ္မ အိမ်ရာစီမံကိန်းမှ မြို့တော်စည်ပင်ရရှိမည့် ၄၀ရာခိုင်နှုန်းကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်၊ ရွှေဈေးကွက်ကြီး မှန်ကန်တည်ငြိမ်စေရန် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင် အသင်းကသာ ပေါက်ဈေးဖွင့် ရောင်းဝယ်မည်၊ အသက်၆၀ကျော်ပြီး အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံကူးလက်မှတ် လာရောက်မလျှောက်ထားနိုင်သူများကို အိမ်တိုင်ရာရောက် လုပ်ပေးလျက်ရှိ၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကို လျှော့ချနိုင်ရန် မြို့တော်စည်ပင်က ၂၀၀၉ခုနှစ်အတွင်း ကျပ်သိန်း၆၀၀ သုံးစွဲမည်၊ မြန်မာ-ဗီယက်နမ် ရေကြောင်းဆိုင်ရာသဘောတူညီချက်ကြောင့် မြန်မာသင်္ဘောသားများ အလုပ်အခွင့် အလမ်းရနိုင်မည်၊ ရန်ကုန်တိုင်းမှ တောင်သူများကို ၂၀၀၉ခုနှစ်တွင် ငွေကျပ်သိန်း ၁၀၀၀ထုတ်ချေးမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဦးသန့်ကိုယ်တိုင် ရေးသားခဲ့သည့် View From the UN စာအုပ်မှ The Search For A Secretary General အပိုင်းကို ကောက်နုတ်ပြန်ဆိုထားသည့် 'ကုလသမဂ္ဂ အတွင်းရေးမှူးရာပုံတော်-၂' သမိုင်းမော်ကွန်းသုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိ လာပြီဖြစ်သည်။

ကဏ္ဍများစုံလင်

ဘားရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီကအိပ်မက်များ(၄)'၊ 'အမေရိကန်တွေအနေနဲ့ အီရန်ရဲ့နျူကလီးယားဗုံးကို အရေးစိုက်နေမယ့်အချိန်မဟုတ်ဘူး' ထင်ရှားသော အသိပညာရှင် နော်မန်ဘန်ဘွမ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ရုရှားနိုင်ငံက ကမ္ဘာကြီးအား သြဇာလွှမ်းမိုးရန် ပြန်လည်ကြိုးပမ်းလာ၊ တိုင်းမ်မဂ္ဂဇင်း၏ ၂၀၀၈ခုနှစ် အရေးပါဆုံးလူအဖြစ် အိုဘားမားကိုရွေးချယ်၊ ထိုင်းလွှတ်တော်က ဝန်ကြီးချုပ်သစ် ရွေးကောက်တင်မြှောက်၊ ဗြိတိန်နိုင်ငံ၏ ကြောင်တိကြောင်တောင် နိုင်သော ဥပဒေများအား အတိုက်အခံအမတ်က ပြစ်တင်ဝေဖန်၊ သြစတြေးလျတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ကုလားအုတ်သားစားကြမည် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာ တစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျ စားသောက်ဆိုင် (ဆရာဝန်များအသင်းတိုက်အနီး)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားသို့ အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးစာရင်းကို နီးစပ်ရာအမှုဆောင်များထံ အမြန်ဆက်သွယ်ပေးပို့ကြရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း) ဖုန်း-၅၅၅၆၅၁နှင့် ဦးခင်အောင် ဖုန်း-၀၉-၅၁-၀၀၂၈၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာ၂၁ရက် မြန်မာစံတော်ချိန် ၀၅နာရီ ၅၇မိနစ် ၂၂စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင်၃၈၀ခန့် ကွာဝေးသော (မြန်မာနိုင်ငံ ပြည်တွင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)



မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်မှုကို နိုဝင်ဘာ၂၉ရက်က ကျေးလက်မင်းတိုင်ပင်ဈေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေး ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်ဝေနှင့် မင်းတိုင်ပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အာဆင်နယ်နှင့် လီဗာပူးတို့ တစ်မှတ်စီခွဲယူ မန်စီးတီးတို့ ပွဲပြီးခါနီး ရေတိမ်နစ်ခဲ့ရ



လန်ဒန် ဒီဇင်ဘာ ၂၁

ပရီမီယာလိဂ်ပွဲစဉ်(၁၈)လက်ကျန်ပွဲများကို ဒီဇင်ဘာ ၂၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အာဆင်နယ်နှင့် လီဗာပူးတို့ သရေကျပြီး နာမည်ကြီး မန်စီးတီးတို့ အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့ရပြန်သည်။

အာဆင်နယ်နှင့် လီဗာပူး

နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ရသည်။ အာဆင်နယ်က တိုက်စစ်တွင် ဗန်ပါစီနှင့် အဒီဘာယော၊ ကွင်းလယ်တွင် ဒန်နယ်နှင့် နာဆရီတို့ကိုထားပြီး ကစားခဲ့သည်။ လီဗာပူးတို့ကလည်း တိုက်စစ်တွင် ဒရက်ကွတ်နှင့် ရေးရာတို့ ထားကာ ကစားခဲ့သည်။

အာဆင်နယ်အတွက် ၁၁မိနစ်၌ တိုက်စစ်မှူး ဗန်ပါစီက ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် လီဗာပူးအသင်းက ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ၄၂မိနစ်၌ လီဗာပူး တိုက်စစ်မှူး ရော်ဘီကိန်းက ချေပဂိုးသွင်းယူခဲ့သည်။ နှစ်သင်းစလုံး အနိုင်ဂိုး သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၆၂မိနစ်၌ အာဆင်နယ်တိုက်စစ်မှူး အဒီဘာယော ကစားပုံ ကြမ်းတမ်းသဖြင့် အနီကတ်ပြ အထုတ်ခံရသည်။ နှစ်သင်းစလုံး ပွဲချိန် ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ကာ တစ်မှတ်စီ ခွဲယူ ခဲ့ကြရသည်။

လီဗာပူး တိုက်စစ်မှူး ရော်ဘီကိန်း (ယာ) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

(အင်တာနက်ဓာတ်ပုံ)

ဝက်စ်ဘရွန်းနှင့် မန်စီးတီး

ဗက်ဆယ်နှင့် အမ်ဝါရူဝါရီတို့ ဦးဆောင်သော မန်စီးတီးတိုက်စစ်သည် ရိုက်ဖီးလစ်နှင့် အိုင်ယာလန်တို့ ပံ့ပိုးပေးခဲ့မှုကြောင့် ဝက်စ်ဘရွန်းဘက်သို့ ၁၃ကြိမ် ဂိုးသွင်းခွင့်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။

ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ကစားနိုင်ခဲ့သည့် မန်စီးတီးတို့ကို ဝက်စ်ဘရွန်းတို့က အဝင်အထွက်ရဲရဲဖြင့် တုံ့ပြန်ကစားခဲ့ရာ ဝက်စ်ဘရွန်း တိုက်စစ်မှူး မိုရေးက ပွဲချိန် ၆၉မိနစ်၌ မော်ရစ်ဆင် ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ညာခြေဖြင့် ကန်သွင်းခဲ့သဖြင့် အိမ်ရှင် ဝက်စ်ဘရွန်းတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ကာကွယ်ပေးနိုင်

မန်စီးတီးတို့ ချေပဂိုးရရှိရေး ဝက်စ်ဘရွန်းနောက်တန်းကို ထိုးဖောက်ကာ ရိုက်ဖီးလစ်နှင့် ဗက်ဆယ်တို့ ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ဝက်စ်ဘရွန်းဂိုးသမား ကာဆင် အပိုင်ကန်သွင်းမှုငါးကြိမ်ကို ကာကွယ်ပေးနိုင်ခဲ့သည်။

မန်စီးတီးအတွက် ချေပဂိုးကို ပွဲချိန် ၈၄မိနစ်၌ ကွန်ပါနီ ခေါင်းတိုက်ချပေးလိုက်သည့် ဘောလုံးကို မန်စီးတီး တိုက်စစ်မှူး အမ်ဝါရူဝါရီအစား ဝင်ရောက်ကစားသည့် ဆိုင်စီဒိုက ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ ချေပဂိုးရရှိခဲ့သည်။ သို့သော် အိမ်ရှင် ဝက်စ်ဘရွန်းတို့ အနိုင်ဂိုးရရှိရေး ကစားအားတင်ခဲ့ရာ မိနစ်၉၀၌ တိုက်စစ်မှူး ဘင့်နာက သွင်းယူပေးခဲ့သဖြင့် မန်စီးတီးတို့ ပွဲပြီးခါနီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရေတိမ်နစ်ခဲ့ရခြင်းဖြစ်သည်။



ယှဉ်ပြိုင်ကြိုးစား

ဝက်စ်ဘရွန်းနှင့် မန်စီးတီးပွဲတွင် မန်စီးတီးတိုက်စစ်မှူး အမ်ဝါရူဝါရီ(ယာ)နှင့် ဝက်စ်ဘရွန်း မှ မီတီတို့ ဘောလုံးရရှိရေး ဤသို့ ကြိုးစား ခဲ့ကြသည်။

(အင်တာနက်ဓာတ်ပုံ)

နယူးကာဆယ်နှင့် စပါး

အိမ်ရှင် နယူးကာဆယ်တို့ ရသည့်အခွင့်အရေးကို မလွတ်တမ်းအသုံးချခဲ့သဖြင့် အဖွင့်ဂိုး သွင်းယူနိုင်ခြင်းဖြစ်သည်။ အိုဝင်၊ အမီယိုဘီနှင့် ဂူတာရက်ဇ်တို့က စပါး နောက်တန်းကို ထိုးဖောက်ကစားရာမှ ၁၁မိနစ်၌ ဓော့ဘီရာက တစ်ဂိုးသွင်းယူခဲ့သည်။

စပါးတို့ ချေပဂိုးရရှိရေးကြိုးစားရာ ၂၈မိနစ်၌ စပါးတိုက်စစ်မှူး မိုဒရစ်က သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိကာ ချေပနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် မိနစ်၉၀၌ နယူးကာဆယ်မှ ဒပ်ဖ်က သွင်းယူသဖြင့် နယူးကာဆယ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

ဖောင်ပိတ်အားကစားသတင်း-မောင်ချစ်ကြည်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် **သန်းသန်းနု ကိုးကားတင်ပြသည်**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာ ၂၁ရက်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၃ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။

သာယာမည်

ဒီဇင်ဘာ ၂၂ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ဒီဇင်ဘာ၂၂ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ထန်းတပင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် (၂) ရပ်ကွက် ဦးစံအေးလမ်းရှိ အုတ်ညှပ်သွပ်မိုး တစ်ထပ်နေအိမ်အတွင်း ရပ်ထားသော အမှတ် ၉၁ လိုင်းကားသည် ဒီဇင်ဘာ ၂၁ရက် နံနက် ၀၀နာရီ ၁၂မိနစ်တွင် ဂက်စ်လိုင်းပေါက်ပြီး ဘက်ထရီဝိုင်ယာ ရှော့ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ကာ နံနက်၁နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်သုံးလုံး၊ ကားတစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၈)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

(၈)ကြိမ်မြောက် ၂၀၀၈ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး မစ္စတာကျူရှောက်ရန်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်နှင့် မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်တို့က အမှာစကားပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး မစ္စတာကျူရှောက်ရန်နှင့် တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရ အုပ်ချုပ်ရေးမှူး မစ္စတာမုံ့ပီကွမ်းတို့က ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပြခန်းများကို လှည့်လည်ကြည့်ရှု၍ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော အဖွဲ့နှင့် ဒုတိယဌာနမှူး မစ္စတာ ကျူရှောက်ရန် ခေါင်းဆောင်သောအဖွဲ့တို့ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေး (JBTCCC) ကို မူဆယ်မြို့ရှိ စိန်ရတနာဟိုတယ်၌ ကျင်းပရာ အစည်းအဝေးတွင် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် နှစ်နိုင်ငံကုန်သွယ်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဖွင့်လှစ်ပြသ

(၈)ကြိမ်မြောက် ၂၀၀၈ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၁၀၈ ခန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြခန်းပေါင်း ၁၀၈ခန်း စုစုပေါင်း၂၁၆ခန်းကို ဒီဇင်ဘာ ၁၉ရက်အထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်

နယ်မြေရဲကင်းများအတွက် စက်ဘီးနှင့် ရန်ပုံငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ နယ်မြေအတွင်းရှိ ရဲကင်းများ၏ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ၊ လှည့်ကင်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် စက်ဘီးနှင့် ရန်ပုံငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အခမ်းအနားတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကား ပြောကြားပြီး အလှူရှင်များကိုယ်စား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၃)ဥက္ကဋ္ဌ ဦးအောင်သန်း၊ မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာမှ ဗိုလ်မှူးခင်မောင်ဝင်း (ငြိမ်း)၊ တွံတေးမြို့နယ်မှ ငါးလုပ်ငန်းရှင် ဦးသန်းအေးနှင့် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင် ဦးထွန်းဦးတို့က ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ အလှူငွေနှင့် စက်ဘီးများကို ပေးအပ်လှူဒါန်းကြရာ တိုင်းရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းမှု

ရန်ကုန်တိုင်းအတွင်းရှိ နယ်မြေရဲကင်းများ၏ တရားဥပဒေစိုးမိုးရေးနှင့် လှည့်ကင်းတာဝန်များဆောင်ရွက်ရန် လှူဒါန်းမှုမှာ ရန်ပုံငွေကျပ် ၂၄၅သိန်း၊ စက်ဘီးမျိုးစုံ အစီး ၈၉၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၆၈သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Verbatim Product များ ဈေးကွက်မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

Verbatim Product များ ဈေးကွက်အတွင်း စတင်မိတ်ဆက်သော အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ Traders Hotel ကုန်းဘောင်၊ တကောင်းခန်းမ၌ကျင်းပရာ ဦးသောင်းတင် (Chairman & CEO KMD Group of Companies)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး(အောက်ပုံ) **Mr. Tan Teow Seng (Manager, South Asia, Verbatim Marketing, Singapore)က Verbatim Product များအကြောင်းကို ရှင်းလင်းတင်ပြသည်။**

Verbatim Company ကို ၁၉၆၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး Data Storage Technology နှင့် ပတ်သက်သော နိုင်ငံတကာဈေးကွက်ကို ဦးဆောင်နေသည့် အဖွဲ့အစည်းတစ်ခုအဖြစ် နှစ်ပေါင်း ၃၀ကျော် ရပ်တည်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ISO Certification ကို ပထမဦးဆုံး လက်ခံရရှိခဲ့သော Media Company ဖြစ်ကြောင်း၊ Mitsubishi Chemical Corporation ၏ Subsidiary အဖွဲ့ အစည်းတစ်ခုဖြစ်ပြီး Data Storage နှင့် ပတ်သက်သော နည်းပညာအသစ်များဖြင့် ဈေးကွက်ကို ဦးဆောင်နိုင်သော အဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်ဖြန့်ချိ

ယခုနောက်ပိုင်းတွင် Notebook အသုံးပြုသူများလာပြီး USB Hard Disk Drive များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီဖြစ်သည်။ USB Hard Disk Drive များကို အသုံးပြုသောအခါ အဆင် ပြေစေရန်အတွက် အသုံးပြုသော Disk, Case နှင့် Software သုံးမျိုး လိုက်လျော ညီထွေဖြစ်ရန် အလွန်အရေးကြီးကြောင်းနှင့် Verbatim USB Hard Disk Drive များတွင် Case ပါပြီးဖြစ်သည့်အပြင် လိုင်စင် Software ပါပါသဖြင့် အသုံးပြုသူများကို အထူးစိတ်ကျေနပ်စေမည် ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သော Verbatim Pen Drive များကို ထုတ်လုပ်ဖြန့်ချိပေး လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်နိုင်

Verbatim ကုန်ပစ္စည်းများကို KMD Sales and Service Centre မှ ကိုယ်စားလှယ်ယူ၍ ဈေးကွက်အတွင်း ဖြန့်ချိပေးသွားမည်ဖြစ်ပြီး Verbatim အမှတ်တံဆိပ် CD နှင့် DVD များအတွက် Warranty တစ်လ ပေးသွားမည်ဖြစ်ကာ တစ်ချပ်ပျက်လျှင် အသစ်တစ်ချပ်ဖြင့် ချက်ချင်း လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း၊ USB Hard Disk Drive များနှင့် Pen Drive များအတွက် Warranty ၁၈လ (တစ်နှစ်ခွဲ) ပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက KMD Computer Sales & Service Centre အမှတ် ၅၅၀/ ၅၅၂ ကုန်သည်လမ်းနှင့် ၃၆လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၂၄၅၁၈၀၊ KMD Computer Sales & Service Centre (ပြည်လမ်း) အမှတ် ၃၃၁ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန် ဖုန်း-၅၀၂၂၄၄၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂ နှင့် KMD Sales Centre (Mandalay) အမှတ် ၁၀၃/၁ ၇၇လမ်း ၂၇လမ်းနှင့် ၂၈လမ်းကြား ချမ်းအေးသာစံ မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၆၀၂၃၉နှင့် ၆၀၃၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစစ်ကန် မြေနေရာ စစ်ဆေး

မိုင်းဖြတ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် နိုဝင်ဘာ၁၆ရက်က မိုင်းဖြတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ရန်လျာထားသည့် ရေစစ်ကန် တည်ဆောက်မည့်မြေနေရာအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

အမျိုးသားအဆင့် အားကစား စီမံခန့်ခွဲသူများ သင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၂၁

အမျိုးသားအဆင့် အားကစား စီမံခန့်ခွဲသူများ သင်တန်း(၃/၂၀၀၈) ဆင်းပွဲကို ယမန်နေ့ညနေ၄နာရီက ရန်ကုန်မြို့ အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာတက္ကသိုလ်(မြိတ်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ကြည့်ရှုစစ်ဆေးကာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ မွေးမြူရေးခြံအတွင်း Golden Brown အမျိုးအစား ဥစားကြက် မွေးမြူထားရှိမှု၊ တီလားပီးယားငါး မွေးမြူထားရှိမှု၊ အသားတိုးဝက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့ ရှောင်ကွင်းလမ်း စီမံကိန်း ဘုတ်-ဒေါ-ကဘင်းအပိုင်း ၂၅မိုင်အခြေအနေများကိုကြည့်ရှုစစ်ဆေး၍ ပိတောက်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် မြိတ်မြို့ ရှောင်ကွင်းလမ်း ဒေါ-ဓားသွေး-မဇောပြင်ကြီး အပိုင်း မိုင်တိုင် ၁၈မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြားရှိ တစ်လွှာတစ်ထပ် ဘေလီ တံတားတည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာရှိ တောင်သူ ဦးမောင်ငယ်၏ စပါးစိုက်ခင်း၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ ခုနှစ် နွေစပါး ထွန်ယက်မျိုးစေ့ချ စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြိတ်မြို့သစ် ကဘင်းကျေးရွာရှိ ကဘင်းရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံ မြေဖို့ခြင်းလုပ်ငန်းများနှင့် ရေထိန်းမျှော်စင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာသင်ကြားမှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နည်းပညာတက္ကသိုလ် (မြိတ်) အစည်းအဝေးခန်းမ၌ နည်းပညာတက္ကသိုလ် (မြိတ်)နှင့် ကွန်ပျူတာ တက္ကသိုလ်(မြိတ်)တို့မှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့သစ်အတွင်း အဆောက်အအုံများ တည်ဆောက်ထားရှိမှုနှင့် အဏ္ဏဝါစိုးကုမ္ပဏီက ဆောက် လုပ်လျက်ရှိသော ဆိပ်ခံတံတားကို လည်းကောင်း၊ ကြိုင်လင်းအောင် ဆိပ်ခံ တံတား၊ ဖိုးလမင်းကုမ္ပဏီ ဆိပ်ခံတံတားနှင့် ဦးကျောက်စိမ်း ဆိပ်ခံတံတားတို့၌ သင်္ဘောများ ကုန်တင်ကုန်ချဆောင်ရွက်နေမှုနှင့် ကုန်စည်စီးဆင်းနေမှု အခြေ အနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မြိတ်(FOB)စခန်း (One Stop Service)သို့ ရောက်ရှိပြီး ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စခန်းအနီးတွင် ရောင်းချလျက်ရှိသော ဈေးဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့ ကျွဲကူး-ကျောက်ဖျာတံတားသို့ ရောက်ရှိပြီး ခရီးသည်များ ဖြတ်သန်းသွားလာနေမှုနှင့် တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် ကျွဲကူးစံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်နေမှုကို မော်တော်ယာဉ် များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မွန်းလွဲပိုင်းတွင် မြိတ်မြို့ တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုများအား လည်းကောင်း၊ ပုလဲရတနာခန်းမ၌ ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်၊ ကွမ်းသီး၊ ငရုတ်ကောင်း လုပ်ငန်းရှင်များအားလည်းကောင်း တွေ့ဆုံသည်။

လျှပ်စစ်ဓာတ်အား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကလွင်ရပ်ကွက်၌ သဘာဝ စွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ဓာတ်ပေါင်းအိုးမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနေမှု ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အလေးချိန်ခွင် မှန်ကန်စေရေး ဆောင်ရွက်

ဖားကန့် ဒီဇင်ဘာ ၂၁

ဖားကန့်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ပိုင် ဈေးကြီးတွင် ရောင်းချ လျက်ရှိသော ဈေးဆိုင်များ အလေး ချိန်ခွင် မှန်ကန်စေရေးအတွက် ဒီဂျစ် တယ်ချိန်ခွင်ဖြင့် စစ်ဆေးခြင်းလုပ်ငန်း ကို ဒီဇင်ဘာ ၃ ရက်က အမှုဆောင် အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှု ဖြင့် ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

ကြို့ပင်ကောက်မြို့နယ်အသင်း

နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ကြို့ပင်ကောက်မြို့နယ်အသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရား လမ်း ရွှေတိဂုံဘုရားတောင်ဘက်မုခ် စည်ပင်သာယာရေးမဏ္ဍပ်၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်ရန်

အသင်းသူ အသင်းသားများ၏ အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွား များစာရင်း၊ ၂၀၀၈ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ သားသမီးများစာရင်းကို ဦးဝမ်းလှိုင် ဖုန်း-၅၁၆၄၀၁၊ ဦးတင် မြင့် ဖုန်း-၆၄၄၄၁၃၊ ၆၄၄၈၀၀နှင့် ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၂၉၁၆၈တို့သို့ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့ကြရန် နှိုးဆော် ထားသည်။ **(မြန်မာ့အလင်း)**

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက မော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ လှိုင်မြစ်မှရေတင်ရန် သံပိုက်လုံးကြီးများ သွယ်တန်းလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး မြောင်းတကာချောင်း၏ ရေအရင်းအမြစ်ကို အသုံးပြု၍ မြောင်း တကာ လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်၌ စီမံကိန်းပြီးစီးခဲ့သည်။

အကျိုးပြု

မြောင်းတကာ လျှပ်စစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ၁၀ပေ၊ ရေတင်အဆင့် တစ်ဆင့်၊ ရေတင်စနစ် Fixed Type၊ မြောင်းမကြီး အလျားပေ ၇၄၀၀၊ လက်တံမြောင်းများ ပေ ၁၃၁၀၀၊ တူးမြောင်းအဆောက်အအုံ ၅၀၊ ရေစုပ်စက်မော်တာ 30 KW ငါးစုံပါဝင်ပြီး စိုက်ပျိုးမြေဧက ၈၀၀ ကို အကျိုးပြုလျက်ရှိပေပြီ။

တည်ဆောက်

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ရန်ကုန်တိုင်းအတွင်း၌ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ် ရေတင်စီမံကိန်းလေးခုကို စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ရာ လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာအနီး ဆင်ဖုံ ချောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ စိုက်ပျိုးမြေဧက ၃၇၀၀ ကို အကျိုးပြုလျက်ရှိသည့် ဆင်ဖုံ လျှပ်စစ်ရေတင် စီမံကိန်း၊ လှည်းကူးမြို့နယ် ငွေနံ့သာကျေးရွာအနီး ဘားလားတူးမြောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ စိုက်ပျိုးမြေ ဧက ၁၄၀၀ ကို အကျိုးပြုလျက်ရှိသည့် ငွေနံ့သာ လျှပ်စစ်ရေတင်စီမံကိန်း၊ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝကျေးရွာအနီး ခနင်းရိုးချောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ စိုက်ပျိုးမြေဧက ၆၅၅ ကို အကျိုးပြုလျက်ရှိသည့် စမ်းကြီးဝ လျှပ်စစ်ရေတင်စီမံကိန်းနှင့် မြောင်းတကာ လျှပ်စစ်ရေတင်စီမံကိန်းတို့ ဖြစ်ကြသည်။

ယခုအခါ မော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအနီး လှိုင်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ ကံကလေးလျှပ်စစ် မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အကျိုးပြုနိုင်

ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့်ပေ ၂၀၊ ရေတင်အဆင့် တစ်ဆင့်၊ ရေတင်စနစ် Floating Type၊ မြောင်းမကြီး အလျားပေ ၁၀၈၀၀၊ လက်တံမြောင်းများ အလျားပေ ၂၀၀၀၀ နှင့် ပေ ၂၉၅၀၀၊ ရေငြိမ်ကန် တစ်ကန်၊ တူးမြောင်းအဆောက်အအုံ သုံးခု၊ တံတားအဆောက်အအုံ ၁၀၊ ရေဆိုးထုတ်ပြွန် ၁၁ ခု၊ ရေပေးပြွန် ၃၀၊ ရေစုပ်စက်မော်တာ 185 KW ခြောက်စုံပါဝင်ကာ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက ၄၅၀၀ ကို အကျိုးပြုနိုင်မည် ဖြစ်ပေသည်။

စိုက်ပျိုးနိုင်မည်

မော်ဘီမြို့နယ်အတွင်းရှိ ကံကလေးကျေးရွာအုပ်စု၊ ကုလားကုန်းကျေးရွာအုပ်စု၊ နှောကုန်းကျေးရွာအုပ်စု၊ လှည်းငုတ်ချောင်းကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဗဟိုခြံကျေးရွာအုပ်စုနှင့် မြို့ချောင်းကျေးရွာအုပ်စုတို့မှ တောင်သူများအနေဖြင့် ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းပြီးစီးပါက စိုက်ပျိုးရေအတွက် ပူပန်စရာမလိုတော့ဘဲ နွေရာမိုးပါ သီးနှံများ စိုက်ပျိုးနိုင်တော့မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်ထားသည့် မြောင်းတကာ လျှပ်စစ်ရေတင်စီမံကိန်း၏ မြောင်းမကြီးတွင် ရေများစီးဆင်းလျက်ရှိသည်ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၂-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၀ ၆။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်** မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မို့မို့မြင့်အောင် ဒါရိုက်တာ-ဝင်းထွန်းထွန်း
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၄း၂၀ ၃။ အကပဒေသာ
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ မြန်မာစာ မြန်မာစကား (အပိုင်း-၇)
၅း၁၀ ၈။ အဆိုပြိုင်ပွဲ
၅း၂၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၃၀ ၁၀။ စွမ်းအားပြည့်ထုတ်လုပ်ထား ပလတ်စတစ်ထုတ်ကုန်များ
၅း၄၅ ၁၁။ သက်တံရောင်သံစဉ်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ ဆိုကြမယ်၊ပျော်ကြမယ်
၇း၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စူပါမင်းနှင့်မာနရှင်** (အပိုင်း-၁၇)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၁)
၂၀။ အစီအစဉ်ပြီး၏။

လားရှိုးမြို့တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေ ဟောပြောပွဲကို နိုဝင်ဘာ၃၀ရက် မွန်းတည့်၁၂နာရီတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြင်းမူမောင်နိုင်မိုး၊ ခင်ခင်ထူး၊ နေဝင်းမြင့်နှင့်ကံချွန်တို့က စာပေရေးရာများ ဟောပြောကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်မိသားစုများနှင့် စာပေဝါသနာရှင်များ တက်ရောက် နားထောင်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

“ဗန်တို(အတိုက်)ပြိုင်ပွဲမှာ အတန်းကိုးတန်း ရှိပြီးအမှတ်ပေး စနစ်နဲ့ ဆုံးဖြတ်ပေးသွားမှာပါ။”

ဦးကျော်မင်း
မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်

✻ ကျောဖုံးမှ

လာမည့်ဇန်နဝါရီ၁၇ရက်နှင့်၁၈ရက်များ၌ ကျင်းပမည်ဖြစ်ရာ အကြို မီဒီယာ ရှင်းလင်းပွဲ တစ်ရပ်ကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်၌ ဒီဇင်ဘာ ၂၁ ရက် နံနက်၁၁နာရီက ကျင်းပခဲ့သည်။

ဖြေကြားပေး

မီဒီယာရှင်းလင်းပွဲ၌စာနယ်ဇင်း အသီးသီးမှ မီဒီယာ သမားများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒုတိယရဲမှူးကြီးညဏ်မြင့်၊ မြန်မာ နိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယ ကျောင်းအုပ်နှင့် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်း၊မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒုတိယကျောင်းအုပ် တစ်ဦးဖြစ်သူ ဦးသန့်ဇင်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ အမှုဆောင်နှင့် ပညာစဉ်ကော်မတီ အတွင်းရေးမှူး(၂) ဆရာကြီးမင်းယက္ခ တို့က မီဒီယာသမားများသိလိုသည်ကို ဖြေကြားပေးကြသည်။

“မြန်မာ့ သိုင်းပညာရပ်တွေ ပြန်လည် ဖော်ထုတ်နိုင်အောင် ကြိုးစားနေပါတယ်။”

ဦးမင်းယက္ခ
မြန်မာ့သိုင်းပညာစဉ်ကော်မတီ
အတွင်းရေးမှူး(၂)

သရေပွဲဆိုတာလုံးဝမရှိ

ထို့နောက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယကျောင်းအုပ်နှင့် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းက “လာမည့် ဇန်နဝါရီ ၁၃ရက်မှ ၁၆ရက်အထိ ဗန်တို(အတိုက်)ပြိုင်ပွဲ ကျင်းပမှာဖြစ်ပါတယ်။ ပညာစဉ်ပြပွဲကတော့ ဇန်နဝါရီ ၁၇ရက်မှ ၁၈ရက်အထိ သုဝဏ္ဏ လူငယ်လေ့ကျင့်ရေး အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမမှာ ပြုလုပ်သွားမှာပါ။ ဗန်တိုပြိုင်ပွဲမှာ ကိုးတန်းရှိပါတယ်။ ဒီလိုယှဉ်ပြိုင်ရာမှာ သရေပွဲဆိုတာလုံးဝမရှိပါဘူး”ဟု ရှင်းပြသည်။

ပညာစဉ်ပြပွဲပြသမည့် ပညာရပ်ပေါင်း ၉၀ရှိသည့်အနက် ပထမရက်၌ မြန်မာ့သိုင်းဘာသာရပ် ၂၉မျိုး၊ ဒုတိယရက် ပညာရပ်ပေါင်း ၂၅မျိုး ပါဝင်ပြသမည်ဖြစ်သည်။ ယခုသိုင်းပြိုင်ပွဲကို ကြိုးဝိုင်းပေါ်၌ ကျင်းပမည်ဖြစ်ရာ ပထမဆုံး ပြသခြင်းပင်ဖြစ်သည်။

အမှတ်ပေးစနစ်

“ဗန်တို (အတိုက်) ပြိုင်ပွဲမှာ အတန်းကိုးတန်းရှိပြီး အမှတ်ပေးစနစ်နဲ့ ဆုံးဖြတ်ပေးသွားမှာပါ။ ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံဒုတိယတန်းနဲ့ တတိယတန်းလက်ဝှေ့ကျော်တွေက ဗန်တိုပညာရပ်နဲ့ အားကစားနည်း အတိုင်း ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်”ဟု ဦးကျော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြန်လည်ဖော်ထုတ်

ထို့အပြင် မြန်မာ့သိုင်းပညာစဉ်ကော်မတီအတွင်းရေးမှူး(၂) ဆရာကြီး ဦးမင်းယက္ခကလည်း “မြန်မာ့သိုင်းပညာရပ်တွေ ပြန်လည်ဖော်ထုတ်ရေး၊ ပြန့်ပွားအောင် ပြုလုပ်ရေးနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်နဲ့ နိုင်ငံတကာအထိ ထိုးဖောက်နိုင်အောင် ကြိုးစားနေပါတယ်။ အခုဗန်တို (အတိုက်)နဲ့ သိုင်းပညာစဉ်ပြိုင်ပွဲဝင်တွေဟာ ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၂ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြရမှာဖြစ်ပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မာ့ရိုးရာ သိုင်းပညာရပ်များ မတိမ်ကော မပပျောက်ရန်နှင့် ပြည်သူများ ပိုမို စိတ်ဝင်စားလာစေရန်အတွက် ယခုကဲ့သို့ ပြိုင်ပွဲများကို ကျင်းပပေးခြင်းမှာ လွန်စွာကောင်းမွန်သောအချက်ပင် ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့ သုဝဏ္ဏလူငယ်လေ့ကျင့်ရေး အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည့် သိုင်းပညာစဉ်ပွဲနှင့် ဗန်တို (အတိုက်) ပြိုင်ပွဲများကို ပြည်သူများ အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ ဒုတိယအကြိမ် သိုင်းပညာစဉ်ပြပွဲနှင့် တတိယအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ မီဒီယာ ရှင်းလင်းပွဲကို မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်၌ ကျင်းပစဉ်။

(မြန်မာ့အလင်း)

ကျော့သောင်းဆိပ်ကမ်း ပန်းဥယျာဉ်နှင့် ဝင်းသူဇာ အရောင်းဆိုင်ကြီးက လည်း ခံ့ခံ့ညားညား။ (မြန်မာ့အလင်း)

● ကျောဖုံးမှ

ကျော့သောင်းမြို့သို့ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ရောက်ရှိသွားလာနိုင်ခြင်းမှာ ဒေသ တစ်ခုတိုးတက်ဖွံ့ဖြိုးမှု၏ အဓိက သော့ချက်ပင်ဖြစ်သည်။ ကျော့သောင်းမှ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်သို့ ကားလမ်းဖြင့် သွားလာနိုင်သလို ရေကြောင်းခရီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကြီးများဖြင့်လည်း ကျော့သောင်းမှ ရန်ကုန်အထိ သွားလာနိုင်နေပြီ ဖြစ်သည်။

ကျော့သောင်းမှ ထားဝယ်အထိ ရေမိုင် ၃၀၀ခရီးကို ရုပ်ပြေးအမြန်ယာဉ်များဖြင့်နေ့ချင်းပေါက်သွားလာနိုင်ပြီဖြစ်သည်။ လေကြောင်းခရီးဖြင့်ဆိုလျှင် ထားဝယ်လေဆိပ်၊ မြိတ်လေဆိပ်၊ ကျော့သောင်းလေဆိပ်တို့ တည်ဆောက်ဖွင့်လှစ် ပျံသန်းနေပြီဖြစ်သဖြင့်နာရီပိုင်းအတွင်း သွားလာရောက်ရှိနိုင်ပြီ ဖြစ်ခြင်းသည် တနင်္သာရီတိုင်း၏ ဒေသတစ်ခွင် ဖွံ့ဖြိုးစည်ပင်ခြင်းပြယုဂ်ပင်ဖြစ်ပါ၏။

ဆိပ်ကမ်းတိုးချဲ့

“အရင်က ကျော့သောင်း ဆိပ်ကမ်းဟာ အခုတွေ့ရတဲ့နာရီစင်ကြီးနားအထိရှိတယ်၊ အခုတော့ ဆိပ်ကမ်းကို တိုးချဲ့ ပြုပြင်လိုက်တာ အခုမြင်တွေ့ရတဲ့ အတိုင်းပဲ၊ နယ်စပ်မြို့တစ်မြို့ရဲ့ အင်္ဂါရပ်နဲ့ အညီ လှပခံ့ညား သွားတာပေါ့”ဟု ကျော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သိန်းထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

“ကျော့သောင်းမြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကတော့ အများကြီးပါပဲ၊ စီးပွားရေး တိုးတက်တော့ လူမှုရေးလည်း တိုးတက်တယ်လေ၊ ဆီအုန်းစိုက်ပျိုးရေး၊ ရော်ဘာ စိုက်ပျိုးရေး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ သင်္ဘောလွှန်းကျင်း လုပ်ငန်းတွေရှိနေတော့ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရလာပြီပေါ့ဗျာ”ဟု မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းလွင်က ဖြည့်စွက် ပြောကြားသည်။

တစ်ဖက်နိုင်ငံလုပ် မော်တော်ဆိုင်ကယ် အကောင်းစားများကလည်း နေအိမ်တိုင်း ရှိနေသည်။ တစ်အိမ်ထောင် အနည်းဆုံး တစ်စီးမှနှစ်စီး၊ သုံးစီးအထိ။ ကျော့သောင်းမြို့တွင်း ပြောဆိုရသော မိုဘိုင်းလ်ဖုန်းများကလည်း လူတိုင်းကိုယ်စီ။ ဆိုင်ကယ်တက္ကစီသမားတိုင်းနှင့် လမ်းဘေးကွမ်းယာ ရောင်းသူပင် မိုဘိုင်းလ်ဖုန်း ကိုင်ဆောင်နေကြသည်ကို တွေ့ရ၏။

မျက်ဝါးထင်ထင်

ဆလုံကျွန်း၊ သူဌေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ခရုကျွန်းတို့ ဝိုင်းရံလျက်ရှိသည့် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း တနင်္သာရီတိုင်း နယ်စပ်မြို့ ကျော့သောင်းမြို့သည် ၁၉၈၈ခုနှစ်နောက်ပိုင်း နယ်မြေဒေသဖွံ့ဖြိုး တိုးတက်လာမှုနှင့်အညီ ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ လမ်းပန်းဆက်သွယ်ရေးပါ ဖွံ့ဖြိုး တိုးတက်လာမှုကို မျက်ဝါးထင်ထင် တွေ့မြင်ရခြင်းသည် ဖွံ့ဖြိုးစည်ပင် ကျော့သောင်းတစ်ခွင်ဟု ဆိုရမည်သာ ဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

“ဆိပ်ကမ်းကို တိုးချဲ့ပြုပြင်လိုက်တာ အခုမြင်ရတဲ့အတိုင်း နယ်စပ်မြို့တစ်မြို့ရဲ့ အင်္ဂါရပ်နဲ့ အညီလှပခံ့ညားသွားတာပေါ့။”

ဦးအောင်သိန်းထွန်း
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကျော့သောင်းမြို့။

မြို့ဆိပ်ကမ်းအဝင် ကမ်းနားလမ်းတွင် ကွန်ကရစ်ရေထိန်းနံရံဖြင့် ပြည်သူများအတွက် ဤသို့ အပန်းဖြေဥယျာဉ် တည်ဆောက်ပေးထားသည်။ (မြန်မာ့အလင်း)

မြောက်ဥက္ကလာပ အထက(၁)ကျောင်းသားဟောင်းများ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) ညနေ၄နာရီတွင် မေတ္တာရိပ်ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ဆရာ ဆရာမ ၁၉၆ဦးတို့အား ပူဇော်ကန်တော့ကြမည် ဖြစ်ရာ အကြိုညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ်တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ကျောင်းသားဟောင်းများ အသင်းခန်းမ၌ ကျင်းပလျက်ရှိရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်အကြံပြုဆွေးနွေးနိုင်ပြီး အလှူငွေများ လှူဒါန်းလိုပါက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁-၀၀၅၅၅၊ ၀၉-၅၁-၉၇၇၇၇၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀-၂၇၅၇၇၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ဦးချိုအေး (ACA)၊ ဦးအေးကို ဖုန်း-၀၉-၈၀-၂၀၄၀၀၊ ၆၉၁၁၂၃၊ ဦးဆုတင် ဖုန်း-၀၉-၅၁-၈၂၇၂၃၊ ၀၉- ၅၀-၀၉၉၀၊ ဦးပွင့်သစ် ဖုန်း-၀၉-၅၁-၁၂၃၂၅နှင့် အထက(၁) မြောက်ဥက္ကလာပ ဖုန်း-၆၉၉၃၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

■ ကျောဖုံးမှ



များကို ကွီတို ဂိုးသမား စီဗာလော့စ် လက်စွမ်းပြ ကာကွယ်နိုင်၍သာ ကွီတိုတို့ ဂိုးမပြတ်ခဲ့ခြင်း ဖြစ်သည်။ တီဗက်ဇ်၏ ခေါင်းတိုက်ချက်၊ စီရိုနယ်ဒို၏ ကန်သွင်းချက်များ မဝင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ပွဲချိန်၄၉မိနစ်၌ ဗီဒစ် ကြမ်းတမ်းစွာကစားသဖြင့် အနီကတ်ပြ အထုတ်ခံရ၍ မန်ယူတို့ ၁၀ ဦးတည်းနှင့် ကစားခဲ့ရသော်လည်း ကစားဟန်မပျက်ခဲ့ချေ။

အယ်ဒီယူကွီတို တိုက်စစ်မှူးများဖြစ်သော ဗာကာ၊ နာဗီရာနှင့် ဒီလ်ဂါဒိုတို့လည်း မန်ယူနောက်တန်းကို ထိရောက်စွာ ထိုးဖောက်နိုင်မှု မရှိချေ။

ဆွတ်ခူးနိုင်

မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၃မိနစ်၌ စီရိုနယ်ဒို ချပေးလိုက်သည့် ဘောလုံးကို ရွန်နေကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဖီဖာကလပ် ကမ္ဘာ့ဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

တစ်ဂိုး-ဂိုးမရှိ

ယခုပွဲတွင် မန်ယူတိုက်စစ်မှူးရွန်နေက ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးခဲ့သည်။ ဖီဖာကလပ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယနေရာအတွက် ဂျပန်ကလပ် ဂမ်ဘာအိုဆာကာက မက္ကဆီကို ကလပ် ပါချူကာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(ကိုးကား-အင်တာနက်)

မိခင်နှင့်ကလေးကျန်းမာဖို့ သန်ချဆေးကိုသောက်ကြစို့

သန်ကောင်ရောဂါဆိုသည်မှာ သန်ကောင်များက လူ့ခန္ဓာကိုယ်တွင် ကပ်ပါးပိုးများအဖြစ် တွယ်ကပ်နေပြီး အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လုပ်ငန်းများအား အနှောင့်အယှက်ပေးရုံသာမက တွယ်ကပ်ခံရသောလူတွင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာရောဂါများ ဖြစ်ပွားခံစားရခြင်းဖြစ်ပါသည်။ ထိုသန်ကောင်များသည် တွယ်ကပ်ခံနေရသော ကလေးများထံမှ အာဟာရဓာတ်များကို စုပ်ယူစားသုံးသောကြောင့် ကလေးငယ်များတွင် အာဟာရချို့တဲ့ခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုနှုန်း နှောင့်နှေးစေခြင်းတို့ကို ဖြစ်စေပါသည်။ ထို့ပြင် ထိုသန်ကောင်များသည် ၎င်းတို့ မှီခိုတွယ်ကပ်နေသော လူ့ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းများ၊ တစ်သျှူးများကိုလည်း ပျက်စီးစေသောကြောင့် ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ခြင်း၊ အူလမ်းကြောင်းပိတ်ခြင်း၊ သွေးအားနည်းခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းတွင် အနာများဖြစ်ခြင်းနှင့် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာများစွာကို ဖြစ်ပေါ်စေပါသည်။ သန်ကောင်ရောဂါသည် တွယ်ကပ်သော သန်ကောင်ပမာဏကလည်း များပြားပြီး အချိန်ကာလအကြာကြီးလည်း ခံစားနေရပါက အချိန်မီမကုသနိုင်လျှင် အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ပေးနိုင်ပါသည်။ ဤအကြောင်းအချက်များ အားလုံးသည် ကလေးငယ်များ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ထိခိုက်စေရုံသာမက ကလေးငယ်များ၏ စာပေသင်ကြားရေးနှင့် ကျောင်းတွင်းစွမ်းဆောင်ရည်များကိုပါ အနှောင့်အယှက်ပေးနိုင်ပါသည်။

ကမ္ဘာပေါ်ရှိလူဦးရေ၏ သုံးပုံတစ်ပုံခန့်တွင် သန်ကောင်ရောဂါများ ဖြစ်ပွားကူးစက်လျက်ရှိပြီး ယင်းတို့ကြောင့်ဖြစ်သော ဆိုးကျိုးများနှင့် ရင်ဆိုင်နေရပါသည်။ အချို့သည် ရောဂါဖြစ်ပွား ကူးစက်ခံရမှန်း မသိသေးသော အခြေအနေတွင် ရှိနေကြသည်။ ယင်းတို့အနက် သန်းထောင်ပေါင်း ၁ ဒသမ ၄၇ မှာ သန်လုံးကောင်၊ သန်းထောင်ပေါင်း ၁ ဒသမ ၃ မှာ ချိတ်သန်ကောင်နှင့် သန်းထောင်ပေါင်း ၁ ဒသမ ၀၅ မှာ ကြာပွတ်သန်ကောင်များကြောင့် ဝေဒနာများ ခံစားနေရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာတို့သည် ကျန်းမာပျော်ရွှင်ဖွယ် ဘဝမျိုးကိုမရရှိကြပေ။ သန်ကောင်ရောဂါသည် ထိုပြဿနာ၏အခြေခံပင်ဖြစ်ပါသည်။ သန်ကောင်ရောဂါသည် ဆင်းရဲမှု၊ မဖွံ့ဖြိုးမှုတို့၏ ပြယုဂ်ဖြစ်သည်။ မြေကြီးမှကူးစက်သော သန်ကောင်များဖြစ်သည့် သန်လုံးကောင်၊ ကြာပွတ်သန်ကောင်နှင့် ချိတ်သန်ကောင်တို့ပြင် ညစ်ညမ်းသော ရေမှတစ်ဆင့် ဝင်ရောက်နိုင်သော ရှစ်စတို သန်ကောင်ရောဂါ (Schistosomiasis) တို့သည် ကမ္ဘာနှင့်အဝန်း ဖြစ်ပွားလျက်ရှိသည်။ အဖြစ်အများဆုံးမှာ ငါးနှစ်မှ ၁၄ နှစ်အတွင်း ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များဖြစ်သည်။ ကျောင်းနေအရွယ် ကလေးငယ် သန်း၄၀၀ ခန့်တွင် သန်လုံးကောင်၊ ချိတ်သန်ကောင်နှင့် ကြာပွတ်သန်ကောင်ရောဂါများ ခံစားနေရသည်ဟု ခန့်မှန်းကြပါသည်။

၁၉၉၆ ခုနှစ် စစ်တမ်းအရ ထိုင်းနိုင်ငံတွင် အဖြစ်အများဆုံး သန်ကောင်ရောဂါများမှာ ချိတ်သန်ကောင် ၂၁ ဒသမ ၆ ရာခိုင်နှုန်း၊ ကြာပွတ်သန်ကောင် ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် သန်လုံးကောင် ၁ ဒသမ ၉ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ဗီယက်နမ်တွင်လည်း ၂၀၀၀ ပြည့်နှစ် စစ်တမ်းအရ လူသန်း ၆၀ ခန့်တွင် သန်လုံးရောဂါ၊ လူသန်း ၄၀ ခန့်တွင် ကြာပွတ်သန်ကောင်နှင့် ချိတ်သန်ကောင်ရောဂါများ ဖြစ်ပွားခံစားနေရကြောင်း တွေ့ရှိခဲ့ပါသည်။ ကမ္ဘောဒီးယားတွင် ၁၉၉၇ ခုနှစ်၌ ပြုလုပ်ထားသော သုတေသနတစ်ခုအရ ကလေးငယ်များတွင် ဖြစ်ပွားသော သန်ကောင်ရောဂါများတွင် မြေကြီးမှတစ်ဆင့် ကူးစက်သော သန်ကောင်ရောဂါမှာ အများဆုံး ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

သန်ကောင်ရောဂါနှင့် မိခင်ကျန်းမာရေး

သွေးအားနည်းရောဂါသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အာဟာရချို့တဲ့မှုနှင့် သန်ကောင်ရောဂါ စွဲကပ်ခြင်းတို့ကြောင့် အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဆောင် မိခင် ၇၅ ရာခိုင်နှုန်းခန့်သည် သွေးအားနည်းရောဂါရှိကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများတွင် ချိတ်သန်ကောင်ရောဂါကြောင့် ခန္ဓာကိုယ်မှ သွေးများ ဆုံးရှုံးမှုကို ဖြစ်စေသဖြင့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါကို ဖြစ်ပွားစေပါသည်။ ကိုယ်ဝန်ဆောင်ချိန်တွင် သွေးအားနည်းခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိခင်သေဆုံးမှုကို ဖြစ်ပွားစေသော အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်သည်။ သွေးအားနည်းနေသော အမျိုးသမီးများ၏ ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားချိန်တွင် သေဆုံးမှုနှုန်းမှာ ကျန်းမာသော အမျိုးသမီးများထက် ၃ ဒသမ ၅ဆ ပိုများကြောင်း သိရသည်။ နီပေါနိုင်ငံတွင် မကြာသေးမီက ပြုလုပ်ခဲ့သည့် သုတေသနအရ မီးမဖွားခင် သန်ချဆေးသောက်သုံးခဲ့သော မိခင်များတွင် ကလေးသေဆုံးမှုနှုန်း ၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ကိုယ်ဝန်ဆောင် မိခင်များကို သန်ချဆေးတိုက်ကျွေးခြင်းသည် မျှော်လင့်ထားသည်ထက် အကျိုးကျေးဇူး များပြားကြောင်း သိရှိရသည်။

ယင်းသုတေသနတွင် နီပေါနိုင်ငံရှိ ကိုယ်ဝန်ဆောင်များ၏ ၇၄ ရာခိုင်နှုန်းသည် သန်ကောင်ရောဂါကို ခံစားနေရပြီး ၅၄ ရာခိုင်နှုန်းမှာ သန်ကောင်ကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါကို ခံစားနေရကြောင်း ဖော်ပြထားသည်။ ၎င်းကိုယ်ဝန်ဆောင်များကို ဒုတိယနှင့်တတိယ ကိုယ်ဝန်ဆောင်ကာလ (ကိုယ်ဝန်ငါးလနှင့်ရှစ်လ)တို့တွင် အန်လ်ဘန်ဒါဇော (Albendazole)သန်ချဆေး တိုက်ကျွေးလေ့လာခဲ့ရာ တစ်ကြိမ်သောက်သုံးသော မိခင်များတွင် မွေးကင်းစကလေးသေနှုန်းမှာ ၁၄ ရာခိုင်နှုန်း လျော့နည်းပြီး နှစ်ကြိမ်သောက်သုံးသော မိခင်များတွင် ၄၁ရာခိုင်နှုန်း လျော့နည်းကြောင်း သိရှိရသည်။

သွေးအားနည်းနေသော မိခင်လောင်းတစ်ယောက်သည် သာမန်မီးဖွားစဉ် ဆုံးရှုံးသော သွေးပမာဏကိုပင် ခံနိုင်ရည်မရှိပေ။ ကိုယ်ဝန်ဆောင်ချိန် သွေးအားနည်းခြင်းကြောင့် ဖြစ်ပွားတတ်သော နောက်ဆက်တွဲ ဆိုးကျိုးများမှာ မီးတွင်းရောဂါပိုးဝင်ခြင်း၊ မမွေးမီသွေးသွန်ခြင်း၊ မွေးပြီးချိန် သွေးသွန်ခြင်းတို့ ဖြစ်ပြီး ၎င်းတို့မှာ မိခင်သေဆုံးသည်အထိ ပြင်းထန်တတ်ပါသည်။ သန်ကောင်ရောဂါကြောင့် ဖြစ်ပွားသော သွေးအားနည်းရောဂါနှင့် သန္ဓေသားအပေါ် အကျိုးသက်ရောက်မှုတို့ကို အမေရိကန်ပြည်ထောင်စုတွင် သုတေသနပြုလုပ်ချက်အရ သန်ကောင်ရောဂါဖြစ်ပွားနေသော မိခင်များ၏ မွေးကင်းစကလေးများတွင် အသားဝါ ဖြစ်ပွားမှုနှုန်းမှာ ကျန်းမာသော မိခင်များ၏ ကလေးများထက် သုံးဆခန့်ပို၍ များကြောင်း ဖော်ပြထားသည်။ သွေးအားနည်းရောဂါကို အဓိကဖြစ်ပွားစေသော သန်ကောင်အမျိုးအစားများမှာ ချိတ်သန်ကောင်နှင့် သန်လုံးကောင်တို့ ဖြစ်သည်။

သန်ကောင်ရောဂါနှင့် ကလေးကျန်းမာရေး

သန်ကောင်ရောဂါ ဖြစ်ပွားခံစားနေရသော ကလေးတစ်ဦးသည် ကျန်းမာ၍ သန်ကောင်ကင်းစင်သော ကလေးတစ်ဦးထက် ကျောင်းပျက်ရက် ပို၍များသည်။ သန်ကောင်ရောဂါနှင့် ပညာရေး၊ ဉာဏ်ရည်ဉာဏ်သွေးတို့ကို ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO) မှ သုတေသနပြုလုပ်ခဲ့ရာ သန်ကောင်ရောဂါကြောင့် ကျောင်းတက်ရန် မမှန်သော ကလေးများမှာ တစ်နှစ်လျှင် သန်း ၂၀၀ ခန့်ရှိပြီး အများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်းသိရသည်။ အိုင်ကျူ (ဉာဏ်ရည် ဉာဏ်သွေး)သည် သန်ကောင်ရောဂါဖြစ်ပွားနေသော ကလေးများတွင် ၃ ဒသမ ၇၅ မှတ် လျော့နည်းတတ်ကြောင်းလည်း သိရသည်။ သန်ကောင်ရောဂါ ဖြစ်ပွားနေသော ကလေးများတွင် အာဟာရပြည့်ဝသော အစားအစာများကို မည်မျှပင် ကျွေးစေကာမူ အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ အာဟာရချို့တဲ့နေမည်ဖြစ်သည်။ ကလေးငယ်များတွင် သန်ကောင်ရောဂါများသည် ကလေး၏ ရောဂါခုခံနိုင်အားကို လျော့ကျစေသည်။ မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာချက်များအရ သန်ကောင်ရောဂါများသည် HIV မှ AIDS အဆင့်သို့ လျင်မြန်စွာ ကူးပြောင်းစေခြင်းနှင့် သန်ကောင်ရောဂါများ ပွားနေသူများတွင်

ပါမောက္ခ - ဒေါက်တာပိုင်စိုး

ဖြစ်ပွားသော ငှက်ဖျားရောဂါမှာ ပို၍ ပြင်းထန်တတ်ကြောင်း သိရသည်။ ကျောင်းနေရွယ်ကလေးများတွင် တွယ်ကပ်နေသော သန်ကောင်များအား ခန္ဓာကိုယ်အတွင်းမှ စွန့်ထုတ်ပစ်ရန်အတွက် ကုသမှုနည်းမှာ သန်ချဆေးများ အသုံးပြု၍ သန်ချပေးခြင်းပင်ဖြစ်ပါသည်။ ကလေးများတွင် ပုံမှန်သန်ချပေးခြင်းအားဖြင့် သွေးအားနည်းရောဂါကို ကာကွယ်နိုင်ပြီး ပြင်းထန်ငှက်ဖျား ဖြစ်ပွားမှုကိုလည်း လျော့ကျနိုင်ပေသည်။ ထို့ကြောင့် သန်ကောင်ရောဂါ ကာကွယ်ကုသခြင်းသည် ကလေးများတွင် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော လူကြီးတစ်ယောက်ဖြစ်စေရန် အကောင်းဆုံး နည်းလမ်းပင်ဖြစ်သည်။ သန်ချပေးခြင်းဖြင့် ကလေးများတွင် သန်ကောင်ကြောင့် ခံစားရသော ဝေဒနာများ ကင်းဝေးသွားစေသည့်အပြင် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုမြင့်မားကောင်းမွန်လာကြောင်းလည်း တွေ့ရှိရသည်။

ကုသခြင်းနှင့်ကာကွယ်ခြင်း

သန်ချခြင်းသည် ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးနှင့် ကျောင်းနေအရွယ် ကလေးများ၏ ကျန်းမာရေးကို များစွာတိုးတက် ကောင်းမွန်စေပါသည်။ ကျောင်းနေရွယ်ကလေးများသာမက ကျောင်းမနေရသေးသော ကလေးများကိုလည်း သန်ချပေးခြင်းဖြင့် ကလေးများ ပို၍ကျန်းမာလာစေပါသည်။ ကိုယ်ဝန်ဆောင် မိခင်များသာမက ဆယ်ကျော်သက်အရွယ် မိန်းကလေးများကိုပါ သန်ချပေးခြင်းဖြင့် သွေးအားနည်းရောဂါကို ကြိုတင်ကာကွယ်နိုင်ပြီး ကိုယ်ဝန်ဆောင်ချိန်တွင်ကျန်းမာ၍ ဉာဏ်ရည်ဖွံ့ဖြိုးသော ကလေးများကို မွေးဖွားနိုင်မည်ဖြစ်သည်။ သန်ချဆေးကို ခြောက်လတစ်ကြိမ် (တစ်နှစ်နှစ်ကြိမ်) သောက်သုံးသင့်ပါသည်။ သန်ကောင်ရောဂါ ကုသရာတွင် သန်ချပေးရုံဖြင့် မပြည့်စုံပေ။ သန်ချဆေး တိုက်ကျွေးခြင်း တစ်မျိုးတည်း ပြုလုပ်ခြင်းသည် သတ်မှတ်ထားသော၊ ရည်ရွယ်ထားသော လူတစ်စုအတွင်း၌သာ သန်ကောင်ရောဂါ ဖြစ်ပွားမှုကို လျော့ကျနိုင်သည့် ရေတိုဆောင်ရွက်မှု နည်းလမ်းသာဖြစ်ပါသည်။ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းပါက သန်ကောင်ရောဂါ ထပ်ခါတလဲလဲ ဖြစ်ပွားကူးစက်နေမည်ဖြစ်သည်။ သန်ချဆေးတိုက်ကျွေးပြီးနောက် အချိန်တိုအတွင်းမှာပင် ရောဂါပြန်လည်ဖြစ်ပွားနိုင်သည်။ ကျောင်းများ၊ ရပ်ကွက်များနှင့် လူထုအတွင်းတွင် ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် သန်ချဆေးတိုက်ကျွေးခြင်းအား တစ်ပြိုင်နက် ဆောင်ရွက်နိုင်မှသာ ရောဂါဖြစ်ပွားနိုင်မှုနှုန်းနှင့် ပြန်လည်ကူးစက်မှုနှစ်ခုလုံးအား ကာကွယ်နိုင်မည် ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ကျောင်းသားများအား Mebendazole (500mg) သန်ချဆေးတိုက်ကျွေး၍ သန်ချခြင်းပြုလုပ်ခဲ့ရာ သန်ကောင်ရောဂါဖြစ်ပွားမှုနှုန်း သုံးပုံတစ်ပုံခန့် လျော့ကျသွားခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော် ပတ်ဝန်းကျင် သန့်ရှင်းမှု၊ သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးမှုနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးတို့အား ပြန်လည်မဆန်းစစ်နိုင်ခဲ့သဖြင့် မကြာမီပင် ရောဂါပြန်လည် ဖြစ်ပွားလာသည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ကလေးငယ်အား သန်ချဆေးတိုက်ကျွေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာများ ဆောက်လုပ်စေခြင်းအားဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို မြှင့်တင်ခြင်း၊ အိမ်ရှင်မများကိုယ်တိုင် သောက်သုံးရေများအား ကလိုရင်းဆေး ခတ်နိုင်ခြင်းတို့ကို စီမံချက်တစ်ခုအနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကလေးများခန္ဓာကိုယ်တွင်းမှ သန်ကောင်များ ထွက်ကျလာသည်ကို ကိုယ်တိုင်မြင်တွေ့စေခြင်းအားဖြင့် မိဘများစိတ်တွင် ပတ်ဝန်းကျင် သန့်ရှင်းရန် အရေးကြီးကြောင်း၊ ယင်လုံအိမ်သာများ အသုံးပြုသင့်ကြောင်းနှင့် လက်ကိုလည်း ဆပ်ပြာနှင့်ဆေးသင့်ကြောင်းတို့ကို သိရှိနားလည်သွားကြသည်။ ၁၂ လအတွင်း သန်ကောင်ရောဂါဖြစ်ပွားမှု ရာခိုင်နှုန်း၈၀အထိ လျော့ကျသွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သန်ချဆေး တိုက်ကျွေးရေးစီမံချက်သည် လူထုအတွင်း ယင်လုံအိမ်သာ လိုအပ်ပုံ၊ သန့်ရှင်းသောရေကို အသုံးပြုရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပညာပေးရေးများတွင် အကျိုးသက်ရောက်မှုရှိနိုင်မည့် ကနဦး လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။ UNICEF အဖွဲ့အစည်းအနေဖြင့် သန့်ရှင်းသော သောက်ရေ၊ သုံးရေ ဖြန့်ဝေပေးရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပညာပေးမှုများ ဆောင်ရွက်ပေးရေးတို့အတွက် အစိုးရအဖွဲ့အစည်းများအား နှစ်အတန်ကြာကပင် စတင်၍ အကူအညီ အထောက်အပံ့များ ပေးလျက်ရှိပါသည်။ ဤသို့ UNICEF မှ ကူညီဆောင်ရွက်ပေးနေသော ကျောင်းသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးလုပ်ငန်းများမှတစ်ဆင့် ကလေးငယ်များ၏ အမူအကျင့်များကို ပြောင်းလဲစေကာ ထိုမှတစ်ဖန် သန်ကောင်ရောဂါ ကူးစက်ပျံ့နှံ့မှုလမ်းကြောင်းအား ဖြတ်တောက်ရန်နှင့် ရေမှတစ်ဆင့် ကူးစက်နိုင်သော တခြားရောဂါများအား ကာကွယ်ရန် များစွာအထောက်အကူပြု တိုးတက်စေနိုင်မည် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်ကောင်ရောဂါနှိမ်နင်းမည်ဆိုပါက လက်ရှိဆောင်ရွက်လျက်ရှိသော ကျန်းမာရေး အစီအစဉ်များနှင့် တစ်ပါတည်း တွဲဖက်ဆောင်ရွက်သင့်ပါသည်။ ဥပမာ- ကိုယ်ဝန်အပ်နှံခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ဗီတာမင် တိုက်ကျွေးခြင်းတို့တွင် သန်ချပေးခြင်းကို တစ်ပါတည်း ဆောင်ရွက်သင့်ပါသည်။ ဤသို့သော အစီအစဉ်ကို ကိုရီးယားနိုင်ငံ အပါအဝင် နိုင်ငံအများစုတွင် အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိကြောင်းသိရသည်။ ကိုယ်ဝန်အပ်နှံရာ နေရာများနှင့် ကျောင်းများတွင် သန်ကောင်ရောဂါဖြစ်ပွား ကူးစက်တတ်သော နည်းလမ်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်သက်သော ပညာပေး ဟောပြောမှုများကို ဆောင်ရွက်သင့်သည်။ သန်ချခြင်းသည် ကလေးများ၏ ပညာရေးကို များစွာ အထောက်အကူပြုပြီး နိုင်ငံဖွံ့ဖြိုးမှုအတွက်လည်း အလွန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မိခင်နှင့်ကလေး ကျန်းမာရေးအတွက် သန်ချဆေး၏ အထောက်အကူပြုမှုများ

- **မီးဖွားစဉ်ဖြစ်တတ်သော နောက်ဆက်တွဲဆိုးကျိုးများမှာမီးတွင်းရောဂါပိုးဝင်ခြင်း၊ မမွေးမီသွေးသွန်ခြင်း၊ မွေးပြီးချိန် သွေးသွန်ခြင်းတို့ဖြစ်ပြီး သန်ကောင်ရောဂါကြောင့် သွေးအားနည်းနေသော မိခင်တစ်ဦးအတွက် ဆုံးရှုံးသောသွေးပမာဏကို ခံနိုင်ရည်မရှိဘဲ မိခင်သေဆုံးသည်အထိ ဖြစ်တတ်ပါသည်။**
- **သန်ကောင်ရောဂါဖြစ်ပွားနေသော မိခင်များ၏မွေးကင်းစကလေးများတွင် အသားဝါဖြစ်ပွားမှုနှုန်းမှာ သုံးဆခန့်ပိုသည်။**
- **သန်ချခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေး ပိုမိုကောင်းမွန်လာပြီး မိခင်သေနှုန်းနှင့် မွေးစကလေးသေနှုန်းတို့ကိုလည်း ကျဆင်းစေသည်။**
- **သန်ကောင်ရောဂါကင်းစင်သောကလေးသည် အာဟာရဖွံ့ဖြိုး၍ ကိုယ်ခံအားကောင်းမွန်ကာ ကျန်းမာလာပြီး ကျောင်းပျက်ရက် နည်းလျက် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာပါသည်။**
- **သန်ကောင်ရောဂါ ဖြစ်ပွားခံစားနေရသော ကလေးတစ်ဦးသည် သန်ကောင်ကင်းစင်သောကလေးထက် ဉာဏ်ရည်ဉာဏ်သွေး (အိုင်ကျူ) ၃ ဒသမ ၇၅ မှတ် လျော့နည်းသည်။**
- **သန်ကောင်ရောဂါသည် HIV မှ AIDS အဆင့်သို့ လျင်မြန်စွာကူးပြောင်းစေခြင်းနှင့် ငှက်ဖျားရောဂါကိုလည်း ပို၍ ပြင်းထန်တတ်ကြောင်း သိရသည်။**
- **ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိခင်နှင့်ကလေးများတွင် ရင်ဆိုင်နေရသော အာဟာရချို့တဲ့ခြင်းနှင့် သွေးအားနည်းခြင်းပြဿနာတို့ကို အချိန်မှန်မှန် သန်ချခြင်းဖြင့် ကာကွယ်ကုသပေးနိုင်ပါကြောင်း သိရပါသည်။**
- **ယခုအခါ အန္တရာယ်ကင်း၍ ဈေးနှုန်းသက်သာသော သန်ချဆေးများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။**
- **သန်ချဆေးကို ခြောက်လတစ်ကြိမ် (တစ်နှစ် နှစ်ကြိမ်) ရာသီမရွေး သောက်သုံးနိုင်သည်။**
- **ကိုယ်ဝန်ရှိစဉ်ပင် ငါးလနှင့် ရှစ်လတွင် သန်ချဆေးကို စိတ်ချစွာ သောက်နိုင်သည်။**

22-12 (10).pmd 1 12/22/2008, 1:46 AM

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲ အောင်ကျော်ထွန်း (ပုသိမ်ကြီး) ပထမဆုဆွတ်ခူးရရှိ

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၁

ဓာတ်ပုံဆိုသည်မှာ ခေတ်တစ်ခေတ်၏ပြယုဂ်ကို တိုက်ရိုက်ဖော်ညွှန်းပြသနိုင်သည့် အကောင်းဆုံးပုံရိပ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု၊

"အကောင်းဆုံး မြင်ကွင်းလို့ စိတ်ထဲခံစားမိလို့ပါ"
ဦးစောအောင်မင်း

ရိုးရာ ယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်ပေါကြွယ်ဝမှုနှင့် သဘာဝရှုခင်းအလှအပများကို ပုံဖော်ရိုက်ကူးထားသော ဓာတ်ပုံများကား လက်ရှိဖြစ်ထွန်းနေသော နိုင်ငံတော်၏ ပကတိပုံရိပ်များပင်ဖြစ်သည်။

တက်ရောက်

ထိုသို့သောဓာတ်ပုံများကို (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပခဲ့သည်။ ယင်းဓာတ်ပုံပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ဒီဇင်ဘာ၂၁ရက် နံနက်၉နာရီက ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်

"စုဖွဲ့မှု အားကောင်းလို့လည်း ပြိုင်ပွဲဝင် ဓာတ်ပုံရိုက်ဖြစ်ခဲ့တာပါ"
အောင်ကျော်ထွန်း (ပုသိမ်ကြီး)

"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှုနဲ့ ရိုးရာယဉ်ကျေးမှုတွေကို ဓာတ်ပုံပညာနဲ့ ဖော်ထုတ်နိုင်ဖို့အတွက် ဖြစ်ပါတယ်"
ဦးချစ်နိုင်
ဥက္ကဋ္ဌ
ပြိုင်ပွဲစိစစ်အကဲဖြတ်ရေးကော်မတီ

ကျော်ဆန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဖိတ်ကြားထားသူများ၊ ဓာတ်ပုံဆရာကြီးများ တက်ရောက်ကြသည်။ အခမ်းအနား၌ ပြိုင်ပွဲစိစစ်အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌဦးချစ်နိုင်ကပြိုင်ပွဲကျင်းပရမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုရရှိသူများအား ဆုများချီးမြှင့်ပေးသည်။

ဓာတ်ပုံပညာ

ထို့နောက် ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး **"၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်မှာ ကျရောက်မယ့် (၆၁) နှစ် မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုး တိုးတက်မှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေ၊ သာယာလှပမှုတွေ၊ ရိုးရာယဉ်ကျေးမှုနဲ့ သဘာဝသယံဇာတ ပေါကြွယ်ဝမှုတွေကို ဓာတ်ပုံပညာနဲ့ ဖော်ထုတ်နိုင်ဖို့အတွက် ဖြစ်ပါတယ်"**ဟု ပြိုင်ပွဲစိစစ်အကဲဖြတ် ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံပညာရှင်များအတွက် **'အေးချမ်းခေတ်မီမြန်မာပြည်'** ခေါင်းစဉ်ဖြင့် ၂၀၀၈ခုနှစ် ဩဂုတ် ၁၆ ရက်မှစတင်ဖိတ်ခေါ်ခဲ့ရာ စက်တင်ဘာ၂၅ရက်တွင် စာရင်းပိတ်ခဲ့သည်။ ပြိုင်ပွဲဝင်ခဲ့သည့် ဓာတ်ပုံပညာရှင် ၅၀တို့က ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၁၇၅ ပုံကို တင်သွင်းခဲ့ကြသည်။

ရွေးချယ်ချီးမြှင့်

"ပြိုင်ပွဲဝင်ဓာတ်ပုံတွေရဲ့အရွယ်အစားက ၁၀လက်မ×၁၄လက်မ တစ်မျိုးတည်းဖြစ်ပြီး ဓာတ်ပုံပညာရှင်တွေအတွက် ဓာတ်ပုံအရေအတွက်နဲ့ ကင်မရာအမျိုးအစား မကန့်သတ်ထားပါဘူး၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပြုပြင်ထားတဲ့ပုံများ မပါစေအောင် ဂရုစိုက်ခဲ့ပါတယ်။ ကိုယ်တိုင်ရိုက်ကူးတဲ့ပုံတွေ

ပထမဆုရဓာတ်ပုံ

ဓာတ်ပုံပညာရှင် အောင်ကျော်ထွန်း (ပုသိမ်ကြီး)၏ ပထမဆုရ ဓာတ်ပုံ။ (မြန်မာ့အလင်း)

ဖြစ်ပြီး ပြိုင်ပွဲဝင် ဆုမရရှိသေးတဲ့ပုံတွေကို ရွေးချယ်ပြီး ဆုချီးမြှင့်တာပါ။ ရွေးချယ်ပေးခဲ့တဲ့ ဆုတွေကတော့ ပထမဆုတစ်ဆု၊ ဒုတိယဆုတစ်ဆုနဲ့ တတိယဆု တစ်ဆုဖြစ်ပြီး အထူးဆုပေါင်း ကိုးဆု အပါအဝင် စုစုပေါင်း ၁၂ ဆု ရွေးချယ်ဆုချီးမြှင့်ပေးခဲ့ပါတယ်"ဟု ဦးချစ်နိုင်က ဆက်လက်ရှင်းပြသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပညာရှင်များက စုပေါင်းရွေးချယ်ပေးခဲ့ကြသည်။ ဆုများကို ရွေးချယ်ရာတွင် ဖွဲ့စည်းမှုကောင်းခြင်း၊ အလင်းရောင်ကောင်းခြင်း၊ ရှုထောင့်မှန်ကန်ခြင်း၊ စုစည်းမှုကောင်းခြင်း၊ မူလသဘာဝကျခြင်း၊ ကန့်သတ်မှဲ့တွေးခေါ်ချက်ရှိခြင်း၊ ကြည့်မဝ၊ ရှုမဝဖြစ်ခြင်းစသည့် အချက်များအပေါ် အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စုဖွဲ့မှု

ယခုပြိုင်ပွဲ၌ ပထမဆု ရရှိခဲ့သည့် အောင်ကျော်ထွန်း(ပုသိမ်ကြီး)နှင့် တွေ့ဆုံမေးမြန်းရာ **"ဒီဓာတ်ပုံကို ၂၀၀၇ ခုနှစ်က ပြင်ဦးလွင်မြို့မှာ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်မှာ ရိုက်ယူခဲ့ခြင်း ဖြစ်ပါတယ်။ အချိန်က မွန်းလွဲပိုင်း ၂နာရီကျော်မှာပါ၊ ဒီရှုခင်းရဲ့ အရောင်တွေ၊ မျဉ်းသဘောတွေကိုကြိုက်လို့၊ ပြီးတော့ စုဖွဲ့မှုလည်းကောင်းလို့ ဖြစ်ပါတယ်"** ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အောင်ကျော်ထွန်း (ပုသိမ်ကြီး)၏ ဓာတ်ပုံမှာ ပန်းပေါင်းစုံဖူးပွင့်ဝေဆာလှပနေမှုကို အနီးအဝေး၊ အနိမ့်အမြင့်နှင့် ရှုထောင့်ကောင်းကောင်းမှာ ရိုက်ယူထားသည့် အမြင်ဆန်းသစ်ပြီး အတွေးအခေါ်လည်းကောင်းကာ ကြည့်သူကိုဆွဲဆောင်နိုင်စွမ်းရှိသည့်ဓာတ်ပုံတစ်ပုံပင်ဖြစ်သည်။

ပြည်တွင်းပြည်ပဆုရရှိ

တစ်ဖန်အထူးဆုရရှိခဲ့သူ ဓာတ်ပုံပညာရှင် ဦးစောအောင်မင်းနှင့် တွေ့ဆုံရာ **"စစ်ကိုင်းတံတားကို ည ၇ နာရီအချိန်မှာ ရွှေကြက်ကျဘုရားရင်ပြင်ပေါ်က ရိုက်ယူထားတဲ့ပုံ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံး မြင်ကွင်းပုံရိပ်အဖြစ် စိတ်ထဲခံစားမိလို့ပါ။ ပြီးတော့ ညအချိန်မှာမီးရောင်တွေနဲ့ဆိုတော့မြင်ကွင်းအလှက ပေါ်လွင်ထင်ရှားနေပါတယ်"** ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။ ဦးစောအောင်မင်းမှာ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများ၌ ဆုပေါင်းများစွာ ရရှိခဲ့သူတစ်ဦးဖြစ်သည်။

ယနေ့ ဆုချီးမြှင့်ပွဲ၌ ဆုရရှိသူများမှာ ပထမ အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ဒုတိယ သိန်းဦး (မြနန္ဒာ)၊ တတိယ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)တို့ ရရှိခဲ့သည်။ အထူးဆုများ အဖြစ် စောအောင်မင်း(နယူးအာရှဓာတ်ပုံ)၊ ကိုကိုဆန်နီ(သင်္ဂီရွှေရည်)၊ဝေကြည်မိုး၊ ညောင်ဦးဖိုးချို၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ အေကေမိုး (သတ္တဗေဒ) နှင့် စိုင်းခမ်းလင်း(Hawk Eyes)တို့က ဆုများရရှိခဲ့ကြသည်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အရေးကြီးပါသည်။ သန်ချခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်လာပြီး မိခင်သေနှုန်းနှင့် မွေးစကလေး သေနှုန်းတို့ကိုလည်း ကျဆင်းစေသည်။ ယခုအခါ အန္တရာယ်ကင်း၍ ဈေးနှုန်းသက်သာသော သန်ချဆေးများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

သန်ကောင်ရောဂါ နှိမ်နင်းကာကွယ်ခြင်းသည် လူတို့ကျန်းမာရေးကို တိုးတက်စေရုံသာမက နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ကြဉ်းပေးနိုင်ပေသည်။သန်ချခြင်းသည် အနာဂတ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရင်းနှီးမြှုပ်နှံခြင်းဟု ဆိုနိုင်သည်။ အနည်းငယ် ရင်းနှီးမြှုပ်နှံရုံမျှဖြင့် ကြီးမားသောအကျိုးကျေးဇူးများ ရရှိခံစားရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံအများစု၌ ကျောင်းကျန်းမာရေးအစီအစဉ်တွင် ပုံမှန်သန်ချဆေး တိုက်ကျွေးရေးကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၇၅ ရာခိုင်နှုန်းခန့် အောင်မြင်နေပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)၏ ရည်မှန်းချက်မှာ သက္ကရာဇ် ၂၀၁၀တွင် ကျောင်းနေရွယ်ကလေးများ၏ ၇၅ရာခိုင်နှုန်းကို ပုံမှန်သန်ကောင်ရောဂါ ကုသပေးနိုင်ရန် ဖြစ်သည်။ သန်ကောင်ရောဂါနှိမ်နင်းကာကွယ်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာ၍ ဉာဏ်ရည်မြင့်ပြီး ကျောင်းမှန်မှန်တက်၍ စာမခက်သော ကလေးများ ဖြစ်လာစေရုံသာမက သွေးအားနည်း ရောဂါဖြစ်ပွားမှုကျဆင်း၍ ကျန်းမာပျော်ရွှင်သော ကိုယ်ဝန်ဆောင် မိခင်များနှင့် ကျန်းမာသန်စွမ်းသော၊ ဉာဏ်ရည်ထက်မြက်သော ကလေးငယ်များ ပိုမိုမွေးဖွားလာကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ဈေးနှုန်းလည်းသက်သာ၊ အန္တရာယ်လည်း ကင်းရှင်းသော သန်ချဆေးကို ပုံမှန်သောက်သုံးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုကိုပါ ဂရုပြုခြင်းဖြင့် မိခင်နှင့်ကလေး ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကြား၊ ၄၂လမ်းနှင့် ဘိုကလေးဈေးလမ်းကြား နောက်ဖေးလမ်းတွင် အပေါ်ထပ်နေထိုင်သူများ၏ မဆင်မခြင် အမှိုက်စွန့်ပစ်မှုကြောင့် အမှိုက်များပုံနေပြီး ရေစီးရေလာမရှိသည့်အတွက် မြေညီထပ်၌ နေထိုင်သူများသည် နေ့စဉ်နှင့်အမျှ အနံ့ဆိုးများရှူရှိုက်နေရပြီး မီးဖိုခန်းများသို့ ရေဆိုးများဝင်ရောက်သည့်ဒဏ်ကို ခံစားနေရပါသည်။ သို့ပါ၍ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

နွားတင်းကုပ်မှ အနံ့ဆိုးများထွက်

စာတည်းရှင့်-

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဓမ္မာရုံလမ်းတွင်ရှိသည့် နွားတင်းကုပ်သည် ၁၂ရာသီပတ်လုံး မကောင်းသော အနံ့အသက်ဆိုးများ အစဉ်ထွက်ရှိနေပါ၍ ရပ်ကွက်နေပြည်သူများနှင့်တကွ ဤလမ်းကို ဖြတ်သန်းသွားလာသည့် ပြည်သူများ ကျန်းမာရေး ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့အသက်မခံနိုင်သူများ

စားသောက်ဆိုင်မှ အညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းအောက်လမ်း တိုက်အမှတ် ၁၅၂-၁၅၆ ရှေ့ ပလက်ဖောင်းနှင့် နောက်ဖေးလမ်းကြားတွင် နေ့စဉ် မိုးမလင်းမီကစ၍ မီးဖိုကြီးများဖြင့် ထမင်းကြော်နှင့် အကြော်အလှော်မျိုးစုံတို့ကို ချက်ပြုတ်၍ ရောင်းချလျက်ရှိရာ ၄င်းမှထွက်ရှိလာသော မီးခိုး၊ ပြာများနှင့် အညှော်နံ့များကြောင့် အနီးဝန်းကျင်တွင် နေထိုင်ကြသူများ ကျန်းမာရေးထိခိုက်စေသည့်အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါ၍ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ်(က+ခ) (က)ရပ်ကွက် အောက်ပိုင်းရှိ အိမ်များ၏ နောက်ဖေးလမ်းကြား ရေနုတ်မြောင်းများ ပိတ်ဆို့နေသည်မှာ ကြာပြီဖြစ်ပါသဖြင့် ရပ်ကွက်ပြည်သူများ ကျန်းမာရေးအတွက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြို့သစ်ရပ်ကွက်သား

ပဲပုပ်ရည် စနစ်တကျ စွန့်ပစ်စေချင်

စာတည်းခင်ဗျား-

မကွေးတိုင်း ပခုက္ကူမြို့နယ် အမှတ် (၁၅)၊ (၄)ရပ်ကွက် အမက(၁၃၄)ကျောင်း အနောက်ဘက်ရှိ ပဲလှော်လုပ်ငန်းမှပဲပုပ်ရည်များအား လူသွားလမ်းလယ်တွင် စွန့်ပစ်သဖြင့် ပတ်ဝန်းကျင်၌ နေထိုင်သူများမှာ ယင်းပဲပုပ်ရည် အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် အဆိုပါ ပဲလှော်လုပ်ငန်းအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

ထမင်းကြော်ဆိုင်များမှ ဆူညံသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

မြစ်ကြီးနားမြို့ ဈေး(၁)နှင့် ဈေး(၂)ကြားမှ ထမင်းကြော်ဆိုင် သုံးဆိုင်သည် ခွင့်ပြုချက်မရှိဘဲ ညနေ ၆နာရီမှ နံနက် ၃နာရီအထိ အရက်နှင့် ထမင်းကြော်များ ရောင်းချနေကြသည့်အတွက် ညစဉ်အော်ဟစ်ဆူညံသံများကြောင့် ရပ်ကွက်နေပြည်သူများ အိပ်ရေးပျက်ကာ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ရပ်ကွက်အတွင်းက ပရိဘောဂလုပ်ငန်း သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်ချမ်းသာ(၃)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ အိမ်တစ်အိမ်တွင် ပရိဘောဂလုပ်ငန်းမှ သစ်ခွဲစက်ဆူညံသံများနှင့် အရောင်တင်ဆေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နေပါ၍ ယင်းလုပ်ငန်းအား ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူများ

ရေကျော်ကျောင်းလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

သထုံမြို့ သိမ်ကုန်းရပ်ကွက် ရေကျော်ကျောင်းလမ်းမှာ ရေတိုက်စားမှုများကြောင့် ပျက်စီးနေပြီး လူ၊ ယာဉ်များ သွားလာရခက်ခဲနေပါသဖြင့် အဆိုပါလမ်းအား မြို့၏ အင်္ဂါရပ်နှင့်အညီ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အသံချဲ့စက်ဖြင့် လှူခါမှု ဆောင်ရွက်ပြီးစီး

၈-၁၂-၂၀၀၈ရက် မြန်မာ့အလင်းသတင်းစာပါ **ပြည်မြို့ စည်ပင်ဈေး တယ်လီဖုန်းဆိုင်များ အသံချဲ့စက်ဖြင့် လှူခါနေသည်ကို တားမြစ်ပေးပါ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

လမ်းပေါ်စုပုံပိတ်ဆို့နေသော သစ်ခွဲသားများဖယ်ရှားပြီး

၈-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးမြို့(၄)လမ်းနှင့် ဇန္ဒလလမ်း(မက္ကတစ်)လမ်းထောင့်ရှိ သစ်စက်မှသစ်ခွဲသားများ လမ်းပေါ်ပိတ်ဆို့နေ** ပေးစာနှင့် ပတ်သက်၍ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပညာတန်ဆောင်စာပေပြိုင်ပွဲဆုရသူများနှင့် ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ခြင်းခံရသော စာပေပညာရှင်များအား ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့နှင့် ဆုယူအပြီး အမှတ်တရ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကိုယ်ပိုင်အရည်အသွေးနှင့် စွမ်းရည်မြင့်မား တိုးတက်စေရန် ရည်ရွယ် ၂၀၀၈ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲခုနစ်မျိုး ကျင်းပ၍ ဆုများချီးမြှင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ-သတင်းထောက် ထွန်းဇော်(စမ်းချောင်း) ◆ စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၁

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့…ဟူသော ပညာရေးဆောင်ပုဒ်ကို ပညာတန်ဆောင်မဂ္ဂဇင်းမှ ပညာတန်ဆောင် စာပေပြိုင်ပွဲများ နှစ်စဉ်ကျင်းပ၍ တစ်ဖက်တစ်လမ်းမှ အားပေးကူညီ ထောက်ပံ့လျက်ရှိပေသည်။

ပညာတန်ဆောင် စာပေပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်ရာ ယခု၂၀၀၈ခုနှစ်အထိဆိုလျှင် ၅၄နှစ်ပြည့် တိုင်ခဲ့လေပြီ။

ချီးမြှင့်

ပြိုင်ပွဲဝင် ဦးစီးအရာရှိများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများ တစ်နှစ်ထက်တစ်နှစ် ဦးရေတိုးလာခဲ့သည့်အလျောက် ပြိုင်ပွဲဆုများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့် ချီးမြှင့်လာခဲ့သည်။

ပြိုင်ပွဲဝင်များမှ စာရေးသူအတော်များများသည် နိုင်ငံတော်အဆင့်ဖြစ်သော အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာမူဆုများရရှိခဲ့ကြပြီး စာပေလောကဝန်းကျင်စင်မြင့်တွင် ဝင့်ဝင့်ထည်ထည်၊ တင့်တင့်တယ်တယ် ရှိနေနိုင်ကြပေပြီ။

ရည်ရွယ်ချက်

ပညာတန်ဆောင်ကို ၁၉၅၂ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ပညာတန်ဆောင်မဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ ပညာတန်ဆောင်မဂ္ဂဇင်း၏ အဓိကရည်ရွယ်ချက်မှာ အခြေခံပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ခေတ်မီပညာရေးစနစ် အဆင့်မြင့်နည်းပညာများနှင့် ရင်းနှီးအကျွမ်းတဝင်ရှိစေရန်၊ ဆရာ ဆရာမများ ပညာသင်ကြားမှုတွင် ကိုယ်ပိုင်အရည်အသွေးနှင့် စွမ်းရည်မြင့်မားတိုးတက်စေရန်၊ ပညာရေးဆိုင်ရာ ဗဟုသုတများတိုးပွားစေရန် စသည့်အချက်တို့ ဖြစ်သည်။

ပြိုင်ပွဲများ

ယခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲကို ခေါင်းစဉ်ခုနစ်မျိုးဖြင့်ပြုလုပ်ရာ ဘာသာပြန်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ဦးသန်းညွန့် စာပေဆု(ဝတ္ထုလတ်)ပြိုင်ပွဲ၊ တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ရုပ်ပြစာစီစာကုံးပြိုင်ပွဲ (မူလတန်းဆင့်) တို့ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းအလိုက် မြို့နယ်ပေါင်း ၁၂၃မြို့နယ်မှ ပြိုင်ပွဲအသီးသီးသို့ ပြိုင်ပွဲဝင် ၈၀၀ခန့် ဝင်ရောက်ယှဉ်ပြိုင်ရေးသား ပေးပို့ယှဉ်ပြိုင်ခဲ့ကြသည်။

ထပ်ဆင့်ဂုဏ်ပြု

ပညာတန်ဆောင်မှ ထပ်ဆင့်ဂုဏ်ပြုခြင်းတွင် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံဆရာကြီးနှစ်ဦးဖြစ်သော ဆရာကြီး ဦးစိန်ထွန်း ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အခြေခံပညာဦးစီးဌာနနှင့် ဆရာကြီး ဦးလှဦး တိုင်းပညာရေးမှူး(ငြိမ်း)စစ်ကိုင်းတို့ဖြစ်ပြီး ၂၀၀၈ခုနှစ်မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ချီးမြှင့်သော အကောင်းဆုံး သုတေသနစာတမ်းဆုကို ဆွတ်ခူးရရှိသူ ဒေါက်တာ အောင်မြင့်ဦး ပညာတန်ဆောင်အကျိုးဆောင် ဒုတိယအုပ်ချုပ်ရေးမှူးတို့ ဖြစ်သည်။

၂၀၀၇ခုနှစ် အမျိုးသားစာပေဆု (ကဗျာပေါင်းချုပ်)အတွက် **"အမေ့အလှ၊ပန်းအလှ"** စာအုပ်ဖြင့်ရရှိသူ သန်းအောင်(အညာမြေ) ပညာတန်ဆောင်ကလောင်ရှင်နှင့်၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆုဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်အတွက် **"ပင်လယ်ခေါ်သံနှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ပထမရရှိသူ သွဲ့ထားညို(သက္ကလ)ပညာတန်ဆောင် ကလောင်ရှင်တို့ နှစ်ဦးဖြစ်သည်။

ချီးမြှင့်ဂုဏ်ပြု

ပညာတန်ဆောင် စာပေပြိုင်ပွဲမှ ၂၀၀၈ခုနှစ်အတွက် ဆုရသူများတွင် ဘာသာပြန်ပြိုင်ပွဲဆုရသူ သုံးဦး၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲဆုရသူ ခြောက်ဦး၊ ဆောင်းပါးပြိုင်ပွဲဆုရသူ သုံးဦး၊ ဝတ္ထုလတ်ပြိုင်ပွဲတွင် သုံးဦး၊ တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲတွင် သုံးဦး၊ ကဗျာပြိုင်ပွဲတွင် သုံးဦးနှင့် ရုပ်ပြစာစီစာကုံးပြိုင်ပွဲတွင် သုံးဦးတို့နှင့် ထပ်ဆင့် ဂုဏ်ပြုခြင်းခံရသူများအား ဒီဇင်ဘာ ၂၀ရက်က ၂၀၀၈ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင်ကျင်းပရာ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမတွင် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ထိုက်ထိုက်တန်တန် ဆုများချီးမြှင့် ဂုဏ်ပြုကြပါကြောင်း သတင်းမှတ်စု ဖော်ပြလိုက်ပါသည်။ ॥ **(မြန်မာ့အလင်း)**

ပခုက္ကူမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဈေးများ၊ ကျောင်းများနှင့် ရေမြောင်းများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အမှတ်(၂)ဈေးပတ်လည် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပန်းဘဲတန်းမြို့နယ်အတွင်း ရွှေဆွဲကြိုးလုယူထွက်ပြေးသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လှည့်ကင်းအဖွဲ့မှ ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်း ရွှေဆွဲကြိုး လုယူထွက်ပြေးသူ တစ်ဦးအား ပန်းဘဲတန်းရဲစခန်း လှည့်ကင်းအဖွဲ့က သက်သေခံပစ္စည်း ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီခွဲက ပန်းဘဲတန်းမြို့နယ် ၂၆လမ်းနေ ဒေါ်မဦးသာ (၇၃နှစ်)သည် ဈေးဝယ်ပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်လှေကားအတက်၌ လူတစ်ဦးက လည်ပင်းတွင်ဆွဲထားသော အလေးချိန် နှစ်ကျပ်သားရှိ ရွှေဆွဲကြိုးတစ်ကုံး (တန်ဖိုးငွေကျပ်၁၀သိန်း)ကို လုယူထွက်ပြေးသဖြင့် အော်ဟစ်အကူအညီတောင်းရာ ပန်းဘဲတန်းရဲစခန်း အမှတ်(၂)ရဲကင်းမှ လှည့်ကင်းတာဝန်ကျ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက လိုက်လံဖမ်းဆီး၍ ဆွဲကြိုးလုပြေးသူအား သက်သေခံပစ္စည်း ရွှေဆွဲကြိုးအပြတ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆွဲကြိုးဖြတ်ပြေးသူမှာ ချစ်မျိုးအောင် (၁၉နှစ်) (ဘ) ဦးလှမြင့် ရှမ်းခေါင်ကျေးရွာ အင်္ဂပူမြို့နယ်နေသူဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ ချစ်မျိုးအောင်အား ပန်းဘဲတန်းရဲစခန်းမှ (ပ)၃၆၀/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၂ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂမုန်းပွင့်
Shopping Mall

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ ဖွင့်လှစ်ထားသော ဂမုန်းပွင့် Shopping Mall ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် ဟံသာဝတီအခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ အခွန်လွတ်ဈေး၊ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်းရှိ အခွန်လွတ်ဈေးများသို့ သွားရောက်၍ တည်ခင်းရောင်းချလျက်ရှိသော ဆန်အရောင်းဆိုင်၊ စားအုန်းဆီ အရောင်းဆိုင်၊ ဝင်းသူဇာအရောင်းဆိုင်၊ ကုန်ခြောက်ဆိုင်၊ ဟင်းသီးဟင်းရွက်၊ ကြက်၊ ငါးမွေးမြူရေး အထူးဇုန်အရောင်းဆိုင်၊ ဟင်းသီးဟင်းရွက်၊ သား၊ ငါးအရောင်းဆိုင်၊ ပင်လယ်ငါးအရောင်းဆိုင်၊ ရေချို၊ ရေငန်ငါး အရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်၊ သစ်သီးဝလံပန်းမန်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခွန်လွတ်ဈေး၏ စည်းကမ်းချက်များဖြစ်သည့် သန့်ရှင်းလတ်ဆတ်စေရေး၊ ဈေးနှုန်းသက်သာစေရေး၊ အလေးချိန်ခွင်မှန်ကန်မှုရှိစေရေး၊ စည်းကမ်းတကျရှိစေရေး၊ ဈေးဝယ်သူများ စိတ်ချမ်းသာစေရေး စသည့် စည်းကမ်းနှင့်အညီ ဆောင်ရွက်ရေး အထူးအလေးပေး မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၄ရက်က ကျင်းပရာ စတုတ္ထတန်းတွင် တံခွန်စိုက်ဆုရရှိသော မောင်ပြည့်စုံအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဂမုန်းပွင့် Shopping Mall မှ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ဂမုန်းပွင့် Shopping Mall **ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ကမ္ဘာအေးစေတီရှေ့၌ ဒီဇင်ဘာ ၁၇ရက်မှစတင်၍ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ တိုးတက်ပြောင်းလဲလာသော လူနေမှုပုံစံနှင့်အညီ အမျိုးသား၊ အမျိုးသမီး၊ ကလေးအဝတ်အထည်များ၊ လူသုံးကုန်၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုးတို့ကို အဆင်ပြေ သက်သောင့်သက်သာ ဝယ်ယူရရှိနိုင်ရန် ခင်းကျင်းထားပြီး** Shopping Mall **အဝင်ဝ** Always Cafe **တွင်လည်း စားသောက်ဖွယ်ရာများကို နံနက် ၉နာရီမှ ည၁၁ရီအထိ မှာယူစားသောက်နိုင်မည် ဖြစ်သည်။**

မြေညီထပ်တွင် အလှကုန်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ဖိနပ်များ၊ ခရီးဆောင်အိတ်များ၊ ပရိဘောဂပစ္စည်းများ ရောင်းချလျက်ရှိသည်။ ပထမထပ်တွင် Vanson, Pierre Cardin, Van Heusen အမှတ်တံဆိပ်စသည့် အမျိုးသားအဝတ်အထည်များ၊ အခြားအမျိုးသား၊ အမျိုးသမီးဝတ် အထည်များ၊ ကလေးအသုံးအဆောင်ပစ္စည်းများကို ရောင်းချလျက်ရှိသည်။ ဒုတိယထပ်တွင် ခေတ်မီကလေးကစားကွင်းနှင့် ဆိုင်ခန်းများရှိသည်။ ထို့ပြင် ကျယ်ဝန်းသော Promotion Area လည်း ပါရှိသည်။

အထူးလျှော့

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၁၅ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်အထိ အဝတ်အထည်အမျိုးမျိုးကို (၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ)လျှော့ဈေးနှင့် စားသောက်ကုန်များကို အထူးလျှော့ဈေးဖြင့် ဂမုန်းပွင့်ဆိုင်တိုင်းတွင် ရောင်းချပေးမည် ဖြစ်သည်။

လက်ဆောင်ပေးမည်

နာမည်ကြီး အမှတ်တံဆိပ် အမျိုးသားအဝတ်အထည်အမျိုးမျိုးကို (၁၀ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း) လျှော့ဈေး၊ Vanson အင်္ကျီနှစ်ထည်ဝယ်လျှင် တစ်ထည်လက်ဆောင်နှင့် တစ်ထည်ဝယ်ယူပါကလည်း လက်ဆောင်များပေးမည် ဖြစ်သည်။ ကျပ်၁၀၀၀၀ အထက်ဝယ်ပါက ပြက္ခဒိန်လက်ဆောင်နှင့် လစဉ်ဖွင့်လှစ်နေကျ ကံစမ်းမဲများအပြင် TV နှင့် ရေခဲသေတ္တာများကိုပါ အထူးဆုအဖြစ် ပေးသွားမည်ဖြစ်သည်။

ရောင်းချ

ထို့ပြင် အိပ်ခန်းသုံးခန်း၊ ဝရန်တာနှစ်ခု၊ လိုင်းခွဲဖုန်းပါ ကမ္ဘာအေးကွန်ဒိုမီနီယံ လူနေတိုက်ခန်းများကိုလည်း စတင်ရောင်းချနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်ကော်မြို့တွင် လုပ်ငန်းညှိနှိုင်း စည်းဝေး ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

လှိုင်ကော် ဒီဇင်ဘာ ၁၄

ကယားပြည်နယ် ပြည်နယ်၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ၂၀၀၈ခုနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၉ရက် နံနက် ၈နာရီက လှိုင်ကော်မြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေါင်းစပ်ညှိနှိုင်း

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားပြီး (အပေါ်ပုံ) ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးနှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဥက္ကဋ္ဌက သက်ဆိုင်ရာ ဌာနများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်း

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေညှိနှိုင်း ဆွေးနွေးကြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဘားအံမြို့ အလက(၁) မြတ်ဆရာပူဇော်မည်

ဘားအံ ဒီဇင်ဘာ ၂၁

ဘားအံမြို့ အလက(၁) (ယခင် စခန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အလက(၁)ဘားအံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေလှူဒါန်းလိုပါက ကျောင်းအုပ်ဆရာကြီးဦးငွေစိုး ဖုန်း-၀၅၈-၂၂၂၇၁၊ ဦးဇော်ကြီး ဖုန်း-၂၂၁၁၂၊ ဒေါက်တာသီသီဝင်း ဖုန်း-၀၅၈-၂၁၁၂၄ နှင့် ဒေါ်စန်းစန်းမြင့် ဖုန်း-၀၅၈-၂၁၂၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်သူများအား ရေပေးဝေလျက်ရှိသည့် ရေကန်များပတ်ဝန်းကျင်နှင့် ရေကန်အတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဘွားနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးလှိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘို၌ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းများဆင်း

ရွှေဘို ဒီဇင်ဘာ ၁၅

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ နိုဝင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ရွှေဘိုမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၏ အမှတ်စဉ်(၃၆)ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများဆင်းပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မြင့်က အမှာစကား ပြောကြားပြီး (အပေါ်ပုံ) စာကြည့်တိုက်မှူး ဦးကျော်မင်းချစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ခရိုင်အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ခရိုင် ပြန်/ဆက်)

တာချီလိတ်မြို့၌ သောက်သုံးရေရရှိရေး ရေလှောင်ကန်စစ်ဆေး

တာချီလိတ် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် နိုဝင်ဘာ ၁၀ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့ရေပေးရေး ရေသိုလှောင်ကန်တွင် အနေးသဲရေစစ်ကန် ဆောင်ရွက်မှုကို စစ်ဆေးရာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အုတ်ဖိုမြို့ဝင်လမ်း အရှည်ပေ ၁၂၀၀ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၇၄)

အမြို့မြို့အနယ်နယ် သတင်းပဒေသာ

မိုင်းဖြတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်း စိုပြည်ရေးကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ရက်က မိုင်းဖြတ် ပျိုးဥယျာဉ် အတွင်း ပျိုးထောင်ထားသော ပျိုးပင်များ အကြားတွင် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပျိုးပင်များ အစားထိုး ပျိုးထောင်ခြင်းကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမြတ်ဇော်လင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အရန်သားဖွားသင်တန်းဆင်းပွဲ သီပေါ၌ ကျင်းပ

သီပေါ ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် မွန်းလွဲ၂နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

လိုအပ်မှု

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ရီရီထွေးက ကျေးလက်ပြည်သူလူထု၏ ကျန်းမာရေးကို ထာဝစဉ် စောင့်ရှောက်မှုပေးရန် လိုအပ်မှုအကြောင်းကို ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သင်တန်းတွင် ထူးချွန်သူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ရီရီထွေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြသည်။ (၀၂၀)

ကလေးဝဆိပ်ကမ်း သာယာလှပရေး လုပ်ငန်းဆောင်ရွက်

ကလေးဝ ဒီဇင်ဘာ ၁၀

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ကလေးဝဆိပ်ကမ်း သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်ဆေးသုတ်ခြင်း၊ မြေထိန်းနံရံနှင့် လျှောက်လမ်းအုတ်လှေကားဆေးသုတ်ခြင်းနှင့် ပေါင်းမြက်အမှိုက်သရိုက် ရှင်းလင်းခြင်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ခင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးမောက်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

မိုးမောက် ဒီဇင်ဘာ ၁၅

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ကောင်းများ ပေါ်ထွန်းလာစေရန် မိုးမောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၃/၂၀၀၈)သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် ညနေ ၃နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယရဲမှူး မြင့်ကြူက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဗန်းမော်ခရိုင် မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေးက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ရာ သင်တန်းခေါင်းဆောင် ဦးအောင်ဖြိုးဝင်းက လက်ခံယူသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်းသို့ ရုပ်ကွက်၊ ကျေးရွာစာရေး ဝန်ထမ်းများနှင့် ပညာရေးဌာနတို့မှ သင်တန်းသား ၂၈ဦး တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ် ကာကွယ်တားဆီးရေး ပဲခူးမြို့၌ ပညာပေးဟောပြော

ပဲခူး ဒီဇင်ဘာ ၆

မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ် ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို အမှတ်(၁) အထက သီရိပညာ ခန်းမ၌ နိုဝင်ဘာ ၁၃ရက် နံနက် ၁၁ နာရီခွဲက ကျင်းပရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ဟောပြောပွဲတွင် ပဲခူးမူးယစ် (အထူး) အဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူး ဝင်းလွင်က ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေး အလွဲသုံးစွဲမှု အန္တရာယ်အကြောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ခင်မောင်လွင်(**ဝဲပုံ**)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများအကြောင်း၊ ရဲအုပ်ကျော်ဇေယျက မှုခင်းကျဆင်းရေးအကြောင်းတို့ကို ဆွေးနွေးဟောပြောကြသည်။

ကျင်းပ

အလားတူ ဟောပြောပွဲများကို အမှတ်(၃) အထက၊ အမှတ်(၄) အထကနှင့် အမှတ်(၆) အထကကျောင်းများတွင်လည်း သတ်မှတ်ရက်အလိုက် ကျင်းပခဲ့ကြောင်း သိရသည်။ (၀၆၈)

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ညောင်ပင်ဈေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇာခြည်နုတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းကျဆင်းရေး ဟောပြောပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၀

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး ဟောပြောပွဲကို နိုဝင်ဘာ ၃၀ရက်က မော်လမြိုင်မြို့နယ်ရှိ ခြောက်မိုင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သိမ်းက မှုခင်းကျဆင်းရေးနှင့် စပ်လျဉ်း၍ ဟောပြောသည်။

(အပေါ်ယာပုံ)

မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော စခန်းမှူးများက နိုဝင်ဘာ ၁၆ ရက်မှ စတင်၍ မော်လမြိုင်မြို့နယ်ရှိ မြိုင်သာယာရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ သာယာအေးရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ စစ်တဲကုန်းရပ်ကွက်နှင့် ကွဲခြံကုန်းကျေးရွာ တို့၌ အလားတူ ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(၀၁၄)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး တီးတိန်၌ကျင်းပ

တီးတိန် ဒီဇင်ဘာ ၁၈

ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁၆ရက်က ပြည်နယ်မှူးဦးတင်အောင်ညွန့်နှင့် ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်တို့ တက်ရောက်ကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

မှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တီးတိန်ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ့်၊ တွန်းဇန်ဦးစီးမှူး ဦးတွာလ်ဆွင်းဗန်၊ ကျီခါးဦးစီးမှူးဦးကျင့်ဇခမ်နှင့် ရိခေါဒါရ်ဦးစီးမှူး ဦးဒေါင့်ခန့်ခွာလ်တို့က မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းရရှိထားသော စာအုပ်၊ စာစောင်၊ ပရိဘောဂနှင့် စာကြည့်တိုက်အဆောက်အအုံရရှိမှုစာရင်းများ အသီးသီးတင်ပြ ဆွေးနွေးကြပြီး ပြည်နယ်မှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က မြို့နယ်အတွင်းဖွင့်လှစ်သော စာကြည့်တိုက်များ ရှင်သန်ရေးလုပ်ငန်းများ မှာကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်အထက ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

သနပ်ပင် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်း သနပ်ပင်မြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ အထက(သနပ်ပင်)ခန်းမ၌ ပူဇော်ခံဆရာကြီး ဆရာမကြီး ၅၀ တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်ညွန့်(ဥက္ကဋ္ဌ) ဖုန်း-၀၅၂-၄၆၁၇၁၊ ဦးမိုး ဖုန်း-၀၅၂-၄၆၁၇၈၊ ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂-၄၆၁၄၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂-၄၆၀၂၆၊ ဦးကျင်သိန်း ဖုန်း-၀၁-၅၄၃၄၀၁၊ ဦးဝင်းကြည် ဖုန်း-၀၉-၈၀-၂၄၄၈၀၊ ၀၁-၆၈၇၀၅၆၊ ဒေါ်တင်လေးမြင့် ဖုန်း-၀၉-၈၀-၃၀၇၅၆နှင့် ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၀)

စစ်ကိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေး စက်ရေတွင်းခြောက်တွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ရက်က ညောင်ပင်ဇင်ရွာတွင် စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံနှင့်အင်ဂျင်၊ လေမှုတ်စက်များ ပြင်ဆင်၍ စက်ကြွံခိုင်ရေးဆောင်ရွက်ပြီးစီးမှုကို လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးအေးဝင့်နှင့် ကျေးရွာရေကော်မတီဝင်များ စစ်ဆေးကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် (၁၁)နှစ်ပြည့် နှစ်ပတ်လည်နေ့ကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၅

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၃ရက် နံနက်၁၁နာရီက ကျင်းပရာ အငြိမ်းစား ပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာသိမ်းမြင့်၊ ဦးကြီးမြင့်၊ ဒေါက်တာ မြင့်သိန်းတို့အား ပါမောက္ခချုပ်အမှူးပြုသော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက ပူဇော်ကန်တော့ကြပြီး ပါမောက္ခချုပ် ဦးမောင်မောင်ခင်အား ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၁)နှစ်ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် Conference Room ၌ကျင်းပရာ ပါမောက္ခချုပ် ဦးပိုမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆက်လက်၍ မော်ကွန်းထိန်း ဦးစိန်ဝင်းက တက္ကသိုလ်၏တစ်နှစ်တာကာလအတွင်း ကြိုးပမ်းစွမ်းဆောင်မှုများ၊ တိုးတက်ဖြစ်ထွန်းအောင်မြင်မှုများနှင့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ချီးမြှင့်ထောက်ပံ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်လင်းက နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ထောက်ပံ့ငွေ ၃၂၅၅၀၀၀ကို ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများကိုယ်စား မြန်မာစာဌာနပါမောက္ခ(ဌာနမှူး) ဒေါ်ကြည်ကြည်စိန်ထံပေးအပ်သည်။ (နိုင်ငံခြားဘာသာတက္ကသိုလ်)



အောင်လံမြို့နယ် မိုးကောင်းကျေးရွာတွင် (၁၅)ကြိမ်မြောက် အလှူရှင် နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးထွန်းသူအောင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သစ်ညိုပင်ကျေးရွာ အဝင်လမ်းမကြီးအား မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်မှုကို နိုဝင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဌေးတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

မီးဘေးကြိုတင်ကာကွယ်ရေး ရွှေတောင်မြို့မဈေး၌ ဇာတ်တိုက်လေ့ကျင့်

ရွှေတောင် ဒီဇင်ဘာ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ၊ ယာဉ်စက်ယန္တရားများ၊ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ရက်က ရွှေတောင်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရွှေတောင်မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခဲ့ရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး

အရာတော် ဒီဇင်ဘာ ၈

အရာတော်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်(CARE Myanmar)တို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လူထုအသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သားများ ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၂ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံခန်းမ၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း မှောင်ရိပ်ခိုသူ ထောင်ဒဏ်ချမှတ်ခံရ

ဖျာပုံ ဒီဇင်ဘာ ၁၂

ဖျာပုံမြို့ (၁)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအနီးတွင် မသင်္ကာဖွယ်ရာ မှောင်ရိပ်ခိုသွားလာနေသူ ဒေးဒရဲမြို့နယ် သံဒိတ်ကျေးရွာနေ မြင့်သိန်း (၂၉)နှစ်အား ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၅(ဃ) အရ အလုပ်နှင့် ထောင်ဒဏ်သုံးလကျခံစေရန် ဖျာပုံမြို့တရားရုံးမှ နိုဝင်ဘာ ၂၈ရက်က အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အမှုမှာ ဖျာပုံရဲစခန်းမှ ဒုရဲအုပ်တင်အောင်စိုးသည်နိုဝင်ဘာ ၂၇ရက်က ရဲစခန်းတွင် တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် ဖျာပုံမြို့(၁)ရပ်ကွက် ဥက္ကဋ္ဌ၏ အကြောင်းကြားချက်အရ ဖျာပုံမြို့နယ် (၁)ရပ်ကွက်အတွင်း မသင်္ကာဖွယ်ရာမှောင်ရိပ်ခို ချောင်းမြောင်း သွားလာနေကြောင်း သတင်းရ၍ သွားရောက်ခဲ့ရာ ဖျာပုံမြို့ (၁) ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအနီးတွင်မသင်္ကာဖွယ်ရာမှောင်ရိပ်ခိုချောင်းမြောင်းသွားလာနေသူ တစ်ဦးကို တွေ့ရှိရ၍ သက်သေများနှင့်အတူ ခေါ်ယူစစ်မေးရာ ဒေးဒရဲမြို့နယ် သံဒိတ်ကျေးရွာနေမြင့်သိန်း(၂၉)နှစ်ဖြစ်ပြီး ၎င်းရောက်ရှိနေရာအကြောင်း ခိုင်လုံသည့် အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိ၍ ဖျာပုံရဲစခန်းက (ပ) ၂၉၃/၂၀၀၈၊ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ပုဒ်မ ၃၅(ဃ)အရ အမှုဖွင့် တရားစွဲဆိုတင်ပို့ခဲ့သော အမှုဖြစ်သည်။ (၁၃၈)

ရော်ဘာ၊ ဆီအုန်းနှင့် ငါးဖမ်းလုပ်ငန်းများဖြင့် ဖွံ့ဖြိုးစည်ပင်လျက်ရှိသော မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းမှ ကော့သောင်းမြို့

တိုက်တာအဆောက်အအုံများဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ကော့သောင်းမြို့၏ ဆိပ်ကမ်းအလှကို ဤသို့ တွေ့ရသည်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

ကော့သောင်း ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့သည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင်ရှိသည့် နယ်စပ်မြို့ဖြစ်သည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကို ပါချန်မြစ်က ပိုင်းခြားထားသည်။ ဟိုမှာဘက်ကမ်းတွင် ထိုင်းနိုင်ငံ ရနောင်းမြို့ တည်ရှိနေသည်။ လွန်ခဲ့သော နိဝင်ဘာလလယ်က တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးမှုသတင်းဆောင်းပါး ရေးသားရန် ကော့သောင်းမြို့သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

စပါးသီးနှံအလေအလွင့် မရှိစေရေးနှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကိုတလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့် စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

သိုင်းပညာစဉ်ပြပွဲတွင် သိုင်းပြကွက်တစ်ကွက်ကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

အံ့ဖွယ်ပြကွက်နှင့် ပင့်သက်ဖြာစရာ ဗန်တိုပွဲစဉ်များ ကြည့်ရမည့် ဒုတိယအကြိမ်သိုင်းပညာစဉ်ပြပွဲနှင့် တတိယအကြိမ်(ဗန်တို)အတိုက်ပြိုင်ပွဲ

➤ သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာတိုင်း သိုင်းတတ်ရမည်ဆိုသည့် စကားရှိခဲ့သည်။ ရှေးခေတ်မြန်မာဘုရင်တို့ သိုင်းပညာရပ်ကို အခြေခံကာ တပ်များကိုဖွဲ့စည်းခဲ့ကြခြင်းဖြစ်ရာ မြန်မာ့သိုင်းပညာရပ်၏သမိုင်းကြောင်းကား အစဉ်အလာ ကောင်းခဲ့သည်။

ကျင်းပမည်

ယခုအခါ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ ဒုတိယအကြိမ် သိုင်းပညာစဉ်ပြပွဲနှင့် တတိယအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲကို

စာမျက်နှာ ၉ ကော်လံ ၁ ✻

ဖီဖာကလပ် ကမ္ဘာ့ဖလား ရွန်နေဂိုးဖြင့် မန်ယူတို့ဆွတ်ခူး

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည် ❖ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ယိုကိုဟားမား ဒီဇင်ဘာ ၂၁

ဖီဖာကလပ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ မန်ယူအသင်းနှင့် အီကွေဒိုကလပ် အယ်လ်ဒီယူကွီတိုတို့ ဒီဇင်ဘာ ၂၁ရက်က ယှဉ်ပြိုင်ကစားကြရာ မန်ယူက ရွန်နေ တစ်ဂိုးတည်းဖြင့် အနိုင်ရကာ ဖီဖာကလပ် ကမ္ဘာ့ဖလားကြီးကို အိုးထရက်ဖို့ဒ်ကွင်းသို့ သယ်ဆောင်သွားနိုင်ခဲ့ပြီဖြစ်သည်။

ဖိကစားနိုင်ခဲ့

မန်ယူနည်းပြဖာဂူဆန်က စီရိုနယ်ဒို၊ ရွန်နေနှင့် တီဗက်ဇ်တို့ သုံးဦးကို တိုက်စစ်တွင်ထားပြီး ပတ်ဂျီဆန်၊ အန်ဒါဆန်နှင့် ကာရစ်တို့ကို ကွင်းလယ်၌ ကစားစေခဲ့ရာ ကွီတိုအသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။

ကွီတိုဂိုးသမား လက်စွမ်းပြ

ပထမပိုင်းပွဲချိန်အတွင်း မန်ယူတိုက်စစ်မှူးများ၏ အပိုင်ကန်သွင်းမှု

စာမျက်နှာ ၉ ကော်လံ ၆ ■

ဖီဖာကလပ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ကွီတိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ဆုဖလားနှင့်အတူ မန်ယူဘောလုံးသမားများ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။
(အင်တာနက်ဓာတ်ပုံ)

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

သိုင်းပညာစဉ်ပြပွဲတွင် ရင်သပ်ရှုမောဖွယ် ပြကွက်တစ်ကွက်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)